ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ သောကြာနေ့၊ (10-3-2006) (၄၈၉၅)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် အဖွဲ့ဝင်များ၊ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် လာရောက်တွေ့ဆုံနှုတ်ဆက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်

ရန်ကုန် မတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်သည် ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ လာရောက်တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ အစိုးရအဆင့်မြင့် အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀-၃-၂၀၀၆
(သောကြာနေ့)

နိုင်ငံတော်ဖြစ်ပေါ်တိုးတက်မှုနှင့် နိုင်ငံတကာအခြေအနေလေ့လာ လက်တွေ့နယ်ပယ်တွင် လမ်းညွှန်မှုအဖြစ်ခံယူဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို ပုံဖော်တည်ဆောက်လျက်ရှိရာတွင် တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအင်အားစုကြီးဖြစ်သည်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွေ့ပါဝင်ဆောင်ရွက်နေပေသည်။

ထို့ကြောင့် နိုင်ငံတော်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မျိုးဆက်သစ်လူငယ်များအား အသိအမြင် ဗဟုသုတ အတွေးအခေါ် ကြွယ်ဝရင့်ကျက်လာစေရန် သင်တန်းများ၊ နည်းပြသင်တန်းများဖွင့်လှစ်၍ စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲအခမ်းအနားကို မတ်လ ၈ ရက်နေ့က မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းတက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် **နိုင်ငံတော် ဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတကာအခြေအနေကို ကာလသုံးပါးဆက်စပ်ပြီး ဘဝအတွေ့အကြုံနှင့်ထင်ဟပ်လေ့လာခဲ့၍ နိုင်ငံတော်၏အခြေအနေ၊ ကမ္ဘာ့အခြေအနေကို အတိုင်းအတာတစ်ခုအထိ သိမြင်နိုင်စွမ်းရှိလာပြီဟု ယုံကြည်ပါကြောင်း၊ ရရှိသည့်အသိပညာ၊ အတတ်ပညာ၊ နည်းပညာ၊ အတွေးအခေါ်၊ လုပ်နည်းနှင့်ဗဟုသုတများကို လက်တွေ့နယ်ပယ်တွင် လမ်းညွှန်အဖြစ် ခံယူဆောင်ရွက်ကြစေလိုကြောင်း** တိုက်တွန်းမှာကြားသွားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသားများအနေဖြင့် မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းတွင် နိုင်ငံသမိုင်း၊ အမျိုးသားရေးမူဝါဒ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှုများ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အပြည်ပြည်ဆိုင်ရာကဏ္ဍ၌ ဒေသတွင်းနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာခဲ့ကြပြီးဖြစ်သည်။

ယခုကဲ့သို့ သင်တန်းများ၊ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် အသင်းဝင်များ၏ အရည်အသွေး အရည်အချင်း တိုးတက်မြင့်မားရေး၊ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ထက်မြက်ရေးနှင့် အကြောင်းအကျိုးဆက်စပ်တွေးခေါ်ဆင်ခြင်သုံးသပ်နိုင်သည့် ခိုင်မာသောယုံကြည်ချက်၊ ခံယူချက်စသည့် စိတ်ပိုင်းဆိုင်ရာများ ထူးချွန်ထက်မြက် ပြည့်စုံလာမည်ဖြစ်သည်။ ထို့အတူ မိမိနိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေးစရိုက်လက္ခဏာနှင့် ဂုဏ်အင်္ဂါရပ်များကို အလေးထားဂုဏ်ယူနိုင်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စည်းလုံးညီညွတ်မှုတိုးတက်ခိုင်မာရေးတို့ကို ပိုမိုတန်ဖိုးထား မြတ်နိုးလာကြမည်ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင်တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက် ဖွင့်လှစ်ရေး၊ ဇီဝလောင်စာအစားထိုး ခြံစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အမျိုးသားရေးတာဝန်အဖြစ် စဉ်ဆက်မပြတ် ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကိုကိုယ်စားပြုသည့် အမျိုးသားရေးအင်အားစုကြီးတစ်ရပ်ဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အနေဖြင့်သင်တန်းများ၊ ဆွေးနွေးပွဲများမှရရှိသည့် အသိပညာ၊ အတတ်ပညာ၊ နည်းပညာ၊ အတွေးအခေါ် ဗဟုသုတများကို မိမိတို့၏ လက်တွေ့နယ်ပယ်တွင် လမ်းညွှန်မှုအဖြစ် စွဲမြဲစွာ ခံယူဆောင်ရွက် သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

---

(၆၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့မှ လှူဒါန်းသောငွေကျပ် ငါးသိန်းကို လက်ခံစဉ်။

(သတင်းစဉ်)

အောင်စေတီ ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

ရန်ကုန် မတ် ၉

သာကေတမြို့နယ် (၁၀)တောင် (၁၂)ရပ်ကွက် တံခွန်တိုင်တောရကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အောင်စေတီဗုဒ္ဓပူဇနိယပွဲတော်ကိုမတ် ၁၂ရက်၊ တပေါင်းလဆန်း ၁၄ရက်တွင် အောင်စေတီသာသနာပြုဆရာတော်ဘဒ္ဒန္တဝဏ္ဏသာရအားအမှူးထား၍ ပင့်သံဃာ၄၅ပါးတို့အားဆွမ်းဒါနဝတ္ထုပစ္စည်းများ ဆက်ကပ်ပူဇော်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့ငွေလှူဒါန်း

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့က ငွေလှူဒါန်းသောအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ညှိနှိုင်းခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က လက်ခံသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဂုဏပူဇာသဘင်

ရန်ကုန် မတ် ၉

နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော မြိတ်မြို့နယ်မှ ဆရာတော်ကြီးရှစ်ပါးအား မတ် ၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ အလုံပြဘုရားလမ်း ယုဇနဂါးဒင်းဟိုတယ်၌ ဂုဏပူဇာသဘင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာ တရားပွဲများ

ရန်ကုန် မတ် ၉

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသုန္ဒရနှင့် ဓမ္မကထိကဆရာကြီး ဦးသန့်စင်တို့သည် ကော့ကရိတ်မြို့နယ် မိဖာလဲကျေးရွာတွင် ဆရာတော် ဦးဇာဂရအား အမှူးထား၍ မတ် ၁၇ ရက်မှ ၁၉ရက်အထိလည်းကောင်း၊ ထီကလေးကျေးရွာတွင် ဆရာတော် ဦးဣန္ဒာစရိယအား အမှူးထား၍ မတ် ၂၁ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ တောင်ကြာအင်းကျေးရွာတွင် ဆရာတော် ဦးဥတ္တမရအား အမှူးထား၍ မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိလည်းကောင်း သစ္စာလေးပါး ခန္ဓာဉာဏ်ရောက် တရားတော်များကို ဟောကြားမည်ဖြစ်သည်။

(က-ပ)

မူးယစ်ဆေးဝါး ဆန့်ကျင်ရေး ပညာပေးဟောပြော

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ ဒလမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်များသို့ ကွင်းဆင်း၍ အသင်း၏ လုပ်ငန်းစဉ်များရှင်းလင်းဆွေးနွေးခြင်းနှင့် ပညာပေးဟောပြောပွဲကို မတ်၇ရက်မွန်းလွဲ ၁နာရီက မြို့နယ်သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒလမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)မှရဲမှူးကြီးဦးသိန်းလင်း(ငြိမ်း)နှင့်မူးယစ်ဆရာဝန်ကြီး ဒေါက်တာဘသောင်း(ငြိမ်း)တို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ဆွေးနွေးတင်ပြကြသည်။ ထို့နောက်အဖွဲ့အစည်းများနှင့် ဒလမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ကြည်ကြည်မြင့်တို့က ပူးပေါင်းဆောင်ရွက်ရေးညှိနှိုင်းဆွေးနွေးကြသည်။ (၅၂၉)

လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်အား ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

တွေ့ဆုံပွဲအပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ် နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီခွဲတွင် ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား နှစ်နိုင်ငံသဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

သဘောတူညီချက်ကို အပြန်အလှန်လဲလှယ်

အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရကိုယ်စား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Mr. Shyam Saran တို့က "ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား ဂြိုဟ်တုဖြင့် အဝေးမှစူးစမ်းရှာဖွေရေး နယ်ပယ်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်သဘောတူညီချက်" (Framework Agreement on Mutual Cooperation in the field of Remote Sensing between the Government of the Union of Myanmar and the Government of the Republic of India)ကို လက်မှတ်ရေးထိုးကြပြီး သဘောတူညီချက်ကို အပြန်အလှန်လဲလှယ်ကြသည်။

နားလည်မှုစာချွန်လွှာကို အပြန်အလှန်လဲလှယ်

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Mr. Shyam Saran တို့က "ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ယဉ်ကျေးမှုဆက်သွယ်ရေးကောင်စီတို့အကြား ဗုဒ္ဓစာပေလေ့လာ သင်ကြားမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ" (Memorandum of Understanding on Cooperation in Buddhist Studies between the Ministry of Religious Affairs of the Government of the Union of Myanmar and Indian Council for Cultural Relations of the Government of the Republic of India) ကို လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာကို အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်နှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရကိုယ်စား အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန တွဲဖက်အတွင်းဝန် Mr. Prabh Das တို့က "ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စွမ်းအင်ဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနတို့အကြား ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ" (Memorandum of Understanding on Cooperation in Petroleum Sector Between Ministry of Energy of the Government of the Union of Myanmar and Ministry of Petroleum and Natural Gas of the Government of the Republic of India)ကို လက်မှတ်ရေးထိုးကြပြီး နားလည်မှုစာချွန်လွှာကို အပြန်အလှန်လဲလှယ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် အဖွဲ့ဝင်များ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား ဂြိုဟ်တုဖြင့် အဝေးမှ စူးစမ်းရှာဖွေရေး နယ်ပယ်တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် အဖွဲ့ဝင်များ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ယဉ်ကျေးမှု ဆက်သွယ်ရေးကောင်စီတို့အကြား ဗုဒ္ဓစာပေလေ့လာသင်ကြားမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို တက်ရောက်ကြစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံ ရေနံပိုက်လိုင်း တည်ဆောက်ရေး ဆီးရီးယားနှင့် အီရန်ကြိုးပမ်းလျက်ရှိ

ဒမတ်စကတ် မတ် ၈

အီရတ်နိုင်ငံကိုဖြတ်ပြီး အီရန်မဟာဗျူဟာ ရေနံပိုက်လိုင်း တည်ဆောက်ရန် ဆီးရီးယားနှင့်အီရန်နိုင်ငံတို့ ကြိုးပမ်းလျက်ရှိကြောင်း နိုင်ငံပိုင် အယ်လ်သော်ရာသတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

အဆိုပါ ပိုက်လိုင်းသည် အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့ကိုဖြတ်ပြီး မြေထဲပင်လယ်အထိ ရောက်ရှိမည်ဖြစ်သည်။ ဆီးရီးယား-အီရန်ပူးတွဲကော်မတီသည် အီရတ်အစိုးရနှင့် ပူးပေါင်းလျက် ရေနံပိုက်လိုင်း တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းစွမ်းရည် တိုးတက်ရေးနည်းလမ်းများကို ဆွေးနွေးလျက်ရှိကြောင်း၊ ယင်းစီမံကိန်းမှ အကျိုးအမြတ်များကို ဆီးရီးယား၊ အီရန်နှင့် အီရတ်နိုင်ငံတို့က ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။

ရေနံ၊ ဓာတ်ငွေ့နှင့် ရေနံဓာတုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်မြှင့်တင်ရန် ကြိုးပမ်းသည့် အနေဖြင့် ဆီးရီးယားနှင့် အီရန်တို့ သဘောတူလက်မှတ် ရေးထိုးခဲ့ကြသော နားလည်မှုစာချွန်အရ ယင်းစီမံကိန်းကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။



တရုတ်နိုင်ငံမြို့တော် ပေကျင်းရှိ အင်တာနက်လုံခြုံရေး လုပ်ငန်းခွင်တစ်နေရာကို မတ် ၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်၌ ဘတ်စ်ကားနှစ်စီးတိုက်မိ ၁၄ဦးထက်မနည်းသေဆုံး

ဒါကာ မတ် ၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်း အဝေးပြေးလမ်းတွင် မတ် ၆ ရက်က ဘတ်စ်ကားနှစ်စီးတိုက်မိရာ လူ၁၄ ဦး ထက်မနည်း သေဆုံးပြီး ၈၀ ကျော် ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါကားများပေါ်တွင် ခရီးသည် ၁၀၀ ခန့်ပါရှိပြီး ဘီဂရာမြို့အနီး၌ မျက်နှာချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရွက်လှေသမား အမျိုးသမီးတစ်ဦး ပင်လယ်တွင်မျောပါရာမှ ကယ်ဆယ်ရရှိ

ဗန်ကောက် မတ် ၈

အပျော်တမ်း ရွက်လှေသမား အမျိုးသမီးတစ်ဦးသည် ထိုင်းနိုင်ငံရှိ ကျွန်းတစ်ကျွန်းမှ လှေငယ်တစ်စင်းဖြင့် ပင်လယ်အတွင်း မျောပါသွားခဲ့ပြီးနောက် အစာရေစာ ပြတ်လပ်ကာ ငါးရက်ကြာဆက်လက် မျောပါလျက်ရှိရာ အသက်ဆက်နိုင်ရေးအတွက် မိမိ၏ ကျင်ငယ်ရေကိုပင် ပြန်လည်သောက်ခဲ့ရကြောင်း ၎င်းအမျိုးသမီးက အင်္ဂါနေ့တွင် ပြောကြားသည်။

၎င်းသည် အသက် (၅၇)နှစ်ရှိပြီး ဩစတြေးလျနိုင်ငံ ပါ့သ်မြို့တွင် နေထိုင်ကာ ကလေးလေးဦး၏ မိခင်ဖြစ်သူ ဒိုမီနစ်ကော်တယ်လီဖြစ်သည်။ တရုတ်တိုင်ပေ ငါးဖမ်းလှေတစ်စင်းက ၎င်းကို ကယ်ဆယ်ခဲ့သည်။ ၎င်းသည် ပူပြင်းသည့်နေရောင်၏ဒဏ်မှ အကာအကွယ်ရစေရန်အတွက် လှေငယ်ကို မှီတွယ်လာခဲ့ရသည်ဟု ၎င်းက ပြောကြားသည်။

မိမိအနေဖြင့် အသက်ရှင်လိုပါက မိမိကိုယ်တိုင် ကြိုးစားရုန်းကန်ရတော့မည်ဖြစ်ကြောင်း၊ နေပူသက်သာစေရန်အတွက် မိမိသည် နေ့ဘက်တွင် ရေကူးကာ လှေငယ်ကို မှီတွယ်နေပြီး မိမိကျင်ငယ်ရေကို သောက်ခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

ကော်တယ်လီ၏ ကျန်းမာရေး အခြေအနေကောင်းသည်ဟု ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီဂျစ်နိုင်ငံ၌ ရောမတွင်းကြီး ရှာဖွေတွေ့ရှိ

ကိုင်ရို မတ် ၈

အီဂျစ်နိုင်ငံ၏ အနောက်ပိုင်းဒေသရှိ သဲကန္တာရတွင် လွန်ခဲ့သည့်နှစ်သန်းပေါင်းများစွာက ဥက္ကာခဲကျရောက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော ရောမတွင်းကြီးတစ်တွင်းကို အမေရိကန် ဘော့စတွန်တက္ကသိုလ်မှ ကျွမ်းကျင်သူများက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဘီဘီစီ၏ အင်္ဂါနေ့ ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

ဘော့စတွန်တက္ကသိုလ်မှ ကျွမ်းကျင်သူများက ၃၁ ကီလိုမီတာ အကျယ်ရှိသည့် အဆိုပါ တွင်းကြီးကို ရှာဖွေတွေ့ရှိခဲ့ပြီး ယင်းဒေသ၏ ဂြိုဟ်တုဓာတ်ပုံများကို ဆက်လက် လေ့လာနေကြသည်ဟု ဆက်လက် ဖော်ပြထားသည်။

အဆိုပါ တွင်းကြီးသည် အရီဇိုးနားပြည်နယ်ရှိ နာမည်ကျော်ဥက္ကာခဲတွင်း အရွယ်အစားထက် ၂၅ ဆ ပိုမိုကြီးမားသည်ဟု ဆိုသည်။

အဆိုပါ တွင်းကြီး၏ အရွယ်အစားကြီးမားမှု၊ လေနှင့်ရေတို့၏ တိုက်စားမှုများကြောင့် ယင်းတွင်းကြီးကို နှစ်ပေါင်းများစွာကြာသည်အထိ ရှာဖွေထောက်လှမ်းမှု မပြုလုပ်နိုင်ခဲ့ရခြင်း ဖြစ်ဖွယ်ရှိသည်ဟု သုတေသီအဖွဲ့က ပြောကြားသည်။

အဆိုပါ တွင်းကြီးကို ကီဘီရာဟု အမည်ပေးထားသည်။ ယင်း၏ အဓိပ္ပာယ်မှာ အာရေဗျဘာသာအားဖြင့် ကြီးမားသည်ဟု အဓိပ္ပာယ်ရရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရိုးရာလက်ဖက်ရည်ကြမ်းအခမ်းအနား တည်ခင်းဧည့်ခံမှုကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လက်ဖက်ရည်ကြမ်း တစ်နေ့ခြောက်ခွက်သောက်သုံးပါက ကျန်းမာနိုင်သည်ဟု စာအုပ်တစ်အုပ်တွင်ရေးသားထား

နယူးဒေလီ မတ် ၈

လက်ဖက်ရည်ကြမ်းကို အတိုင်းအတာ မည်မျှအထိ သောက်ရမည့်ကိစ္စမှာ မေးခွန်းတစ်ရပ်ဖြစ်နေပြီး ယင်းကြောင့် လက်ဖက်ရည်ကြမ်း သောက်သုံးမှုမြတ်နိုးသူများအတွက်အဟန့်အတားဖြစ်လျက်ရှိသည်။ သို့ရာတွင် နေ့စဉ်လက်ဖက်ရည်ကြမ်း ခြောက်ခွက်မှ ၁၀ ခွက်အထိ သောက်သုံးပါက နာတာရှည်ရောဂါ အများအပြားဖြစ်ပွားမှုအန္တရာယ် လျော့ကျစေရာတွင် အထောက်အကူပြုနိုင်ကြောင်း စာအုပ်တစ်အုပ်တွင် ရေးသားထားသည်။

တစ်နေ့လျှင် လက်ဖက်ရည်ကြမ်း ခြောက်ခွက်မှ ၁၀ခွက်အထိ သောက်သုံးသွားပါက အာဟာရအတွက် အသုံးဝင်သည့် အလေ့အကျင့်တစ်ရပ်ဖြစ်နိုင်ပြီး နာတာရှည်ရောဂါ အများအပြား ဖြစ်ပွားမှုအန္တရာယ်မှ လျော့ကျသွားနိုင်ကြောင်း၊ အထူးသဖြင့် အာဟာရဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးအရ အထောက်အကူပြုနိုင်ကြောင်း အဆီဓာတ်နှင့်ဆား ဓာတ်လျော့ကျနိုင်ကြောင်း ဒါဂျီလင်လက်ဖက်ခြောက် သုတေသနနှင့် ဖွံ့ဖြိုးမှုဌာန၏ စီမံကိန်းညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာအင်ဂိုးဟက်ဂျ်ရာက ၎င်းရေးသားသည့် စာအုပ်တစ်အုပ်တွင် ဖော်ပြထားသည်။

လူကြီးများအနေဖြင့် အရည်ပမာဏ ၂ ဒသမ ၅ လီတာခန့် သောက်သုံးရန်လိုအပ်ကြောင်း၊ လက်ဖက်ရည်ကြမ်းသောက်သုံးမှုပမာဏသည် သုည ဒသမ ၇ မှ ၁ ဒသမ ၄ လီတာအထိ သောက်သုံးရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ကနေဒါနှင့် အခြားကျန်းမာရေးအာဏာပိုင်များက ညွှန်ပြသည့်အတိုင်း လက်ဖက်ရည်ကြမ်းကို အသင့်အတင့်သောက်သုံးပါက လက်ဖက်ရည်ကြမ်းတွင် ပါဝင်သည့် ကဖင်းဓာတ်နှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်စရာမလိုဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

ထိုင်းစီးပွားရေး တိုးတက်မည်ဟု ခန့်မှန်း

ဗန်ကောက် မတ် ၈

ထိုင်းနိုင်ငံ၏ စီးပွားရေးသည် ယမန်နှစ်က ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ရာမှ ယခုနှစ်တွင်၅ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်မှုရှိမည်ဟု မျှော်မှန်းထားကြောင်း အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးမှု ဌာန (အင်ဒီအက်စ်ဒီဘီ) မှ ပြောကြားချက်ကို ဒေသဆိုင်ရာ ဗန်ကောက်ပို့စ် သတင်းဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏ စုစုပေါင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)သည် ကျဆင်းခဲ့ပြီး စတုတ္ထသုံးလပတ်တွင် သုည ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ထိုသို့ဖြစ်ရခြင်းသည် လောင်စာဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ရာသီအလိုက် ခရီးသွားလုပ်ငန်းနှင့် တင်ပို့ကုန်လုပ်ငန်း ပြန်လည် ကောင်းမွန်လာသောကြောင့် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် မတ် ၈ ရက်က စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲ ပြုလုပ်နေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌သေဆုံးသူ ကန်တပ်ဖွဲ့ဝင်ဦးရေ ၂၃၀၃ဦးရှိပြီ

ဝါရှင်တန် မတ် ၉

အီရတ်နိုင်ငံတွင် ၂၀၀၃ခုနှစ်မတ်လ၌ စစ်ပွဲစတင်ခဲ့ချိန်နောက်ပိုင်းယင်းနိုင်ငံတွင် သေဆုံးသည့်အမေရိကန်တပ်ဖွဲ့ဝင်ဦးမှာ ၂၀၀၆ခုနှစ်မတ် ၈ရက်အထိ ၂၃၀၃ဦးရှိကြောင်း အေပီသတင်းဌာန၏ စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်များအနက် ၁၈၀၃ဦး ထက်မနည်းမှာ ခုခံတိုက်ခိုက်မှုများကြောင့်သေဆုံးရခြင်းဖြစ်သည်။

အေပီသတင်းဌာန၏ စစ်တမ်းတွင် ဖော်ပြထားသော အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူဦးရေမှာ အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်သည့် စာရင်းထက် တစ်ဦးပိုမိုလျော့နည်းသည်။

အင်တာနက်။

စိတ်ဓာတ်ရေးရာအရစစ်ပွဲဆင်နွှဲနေကြောင်း အမေရိကန်ကို အီရန်သံတမန်ဝေဖန်

အန်ကာရာ မတ် ၉

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအပေါ် စိတ်ဓာတ်ရေးရာအရ စစ်ပွဲဆင်နွှဲသည့်မူဝါဒကို ကျင့်သုံးနေကြောင်း တူရကီနိုင်ငံရှိ အီရန်သံရုံးမှ အကြံပေးတစ်ဦးဖြစ်သူ ဘီဘန်အီဇာဒီက ဗုဒ္ဓဟူးနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။

အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြပါက သို့တည်းမဟုတ် အီရန်အပေါ် တစ်စုံတစ်ရာအရေးယူမှုရှိခဲ့ပါက အီရန်က နျူကလီးယား သန့်စင်ရေးလုပ်ငန်းများကို ဆက်လက်ပြုလုပ်ရမည်ဟု အီဇာဒီက အန်ကာရာတွင်ပြုလုပ်သည့် ဆွေးနွေးပွဲတွင် ပြောကြားသည်။

ငြိမ်းချမ်းသည့်ရည်ရွယ်ချက်ဖြင့် နျူကလီးယားဆိုင်ရာ ကိစ္စများ ဆောင်ရွက်ခြင်းသည် အီရန်နိုင်ငံ၏ အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်ဟု ၎င်းက အခိုင်အမာပြောကြားသည်။

ဝေဖန်ပြောကြား

အမေရိကန်ပြည်ထောင်စုက မုသာဝါဒကို အခြေပြု၍ နိုင်ငံရေးပရိယာယ်ကို အသုံးပြုခဲ့ကြောင်းဖြင့် အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံ အတွင်း ၂၀၀၃ခုနှစ်က ကျူးကျော်တိုက်ခိုက်မှုကို ရည်ညွှန်းကာ ၎င်းသံတမန်က ဝေဖန်ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်မှု မပြုလုပ်မီက ဆက်ဒမ်ဟူစိန်တွင် ဇီဝလက်နက်များရှိနေသည်ဟု သမ္မတဘုရှ်က အခိုင်အမာပြောကြားခဲ့ကြောင်း၊သို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အဆိုပါ လက်နက်များကို တစ်လက် တစ်လေမျှပင် မတွေ့ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံတွင် မကြာမီက ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် ပေကျင်း ဆောင်းရာသီ အိုလံပစ် ရေကူးစွမ်းရည်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် အသက် ၇၈နှစ်အရွယ်ရှိ အဘိုးအိုတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-ပေကျင်းရီဗျူး)

ရီယိုဒီဂျနေးရိုးပြတိုက်မှ ရှေးဟောင်းပစ္စည်းများ သေနတ်သမားနှစ်ဦးက လုယက်ယူဆောင်သွား

ဘရာဇီလီယာ မတ် ၈

သေနတ်သမားနှစ်ဦးက ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ရှိ ပြတိုက်မှ အဖိုးထိုက်တန်သည့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကိုတနင်္လာနေ့မွန်းလွဲပိုင်းက လုယက်ခဲ့ကြကြောင်း အဆိုပါမြို့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ရီယိုဒီဂျနေးရိုးပြတိုက်မှ လုယက်ခံရသည့် ပစ္စည်းများတွင် ရွှေချထားသည့် လမ်းလျှောက်တုတ်၊ ဆင်စွယ်ဖြင့် ပြုလုပ်ထားသည့် ဓား၊ ရွှေနှင့် ငွေများဖြင့် တန်ဆာဆင်ထားသည့် ဓား၊ တံဆိပ်နှစ်ခုနှင့် သန္တာဖြင့် ပြုလုပ်ထားသည့် ပန်းအိုးတို့ ပါဝင်သည်။

၁၉ရာစုနှစ်က ပစ္စည်းများ

အဆိုပါ ယဉ်ကျေးမှုပစ္စည်းများသည် ၁၉ ရာစုနှစ်က ဘရာဇီးအင်ပါယာ ထူထောင်စဉ်ကာလက ပစ္စည်းများဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

သေနတ်သမားများက ယင်းပစ္စည်းများအပြင် ပြတိုက်ဝန်ထမ်းများထံမှ ပိုက်ဆံအိတ်နှင့် ရွှေလက်ဝတ်ရတနာများကိုပါ လုယက်သွားကြသည်။

ဒုတိယအကြိမ်မြောက်

အဆိုပါ ပြတိုက်သည် လွန်ခဲ့သည့် ၁၀ ရက်အတွင်း ဒုတိယအကြိမ်မြောက် လုယက်ခံခဲ့ရခြင်းဖြစ်သည်။

သေနတ်သမားပါဝင်သည့် အုပ်စုတစ်စုက ကမ္ဘာကျော် ပန်းချီ ဆရာများဖြစ်ကြသည့် ပီကာဆို၊ မိုးနေး၊ မာတစ်ဆီနှင့် ဒါလီတို့၏ ပန်းချီကားများ အဆိုပါ ပြတိုက်မှ ဖေဖော်ဝါရီ ၄ ရက်တွင် လုယက်သွားခဲ့သေးသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တောင်ပိုင်းတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွား

ဘဂ္ဂဒက် မတ် ၈

ဘဂ္ဂဒက်မြို့တောင်ပိုင်း ဟီလာမြို့တွင် အင်္ဂါနေ့က ကားဗုံးပေါက်ကွဲမှု နှစ်ကြိမ် သီးခြားစီ ပေါက်ကွဲခဲ့သဖြင့် လူသုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

ပထမဗုံးသည် ဟီလာမြို့၏ မြောက်ပိုင်းဒေသတွင် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ထိခိုက်သေဆုံးသူများမရှိဟု သတင်းရပ်ကွက်က ပြောကြားသည်။

ယင်းသို့ ဗုံးပေါက်ကွဲပြီး မကြာမီ နောက်ထပ် ကားဗုံးတစ်လုံးသည် အဆိုပါမြို့၏ လူစည်ကားရာဒေသတွင် ပေါက်ကွဲခဲ့သဖြင့် လူသုံးဦး ဒဏ်ရာရရှိခဲ့သည်ဟု အဆိုပါသတင်းရပ်ကွက်က ထပ်လောင်းပြောကြားသည်။

အမေရိကန် လှည့်ကင်းယာဉ်များကို ပစ်မှတ်ထားသည့် ဗုံးဖြင့်တိုက်ခိုက်မှုသည် ဘဂ္ဂဒက်တောင်ပိုင်းနှင့် အနောက်ပိုင်းဒေသတို့တွင် ထပ်မံဖြစ်ပွားခဲ့သဖြင့် အရပ်သားတစ်ဦး သေဆုံးပြီး အခြားလူငါးဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေး သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်တွင် တရားမဝင် လာရောက်နေထိုင်သူ ၁၂ သန်းရှိ

ဝါရှင်တန် မတ် ၈

အမေရိကန်ပြည်ထောင်စုတွင်တရားမဝင် လာရောက်နေထိုင်သူ ၁၂ သန်းအထိ တိုးလာကြောင်း၊ အလုပ်သမား ၂၀ တွင် တရားမဝင် အလုပ်သမား တစ်ဦးနှုန်း ပါဝင်ကြောင်း ဝါရှင်တန်၌ အင်္ဂါနေ့က ထုတ်ပြန်သည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြပါရှိသည်။

တရားမဝင် လာရောက်နေထိုင်သူများအနက် ၅၆ ရာခိုင်နှုန်းမှာ မက္ကဆီကို နိုင်ငံမှ ဖြစ်ပြီး ၂၂ ရာခိုင်နှုန်းမှာ အဓိကအားဖြင့် ဗဟိုအမေရိကနိုင်ငံများ ပါဝင်သည့် အခြားသော လက်တင်အမေရိကနိုင်ငံများမှ ဖြစ်သည်။ ၁၃ ရာခိုင်နှုန်းမှာ အာရှတိုက်မှဖြစ်ပြီး ၆ ရာခိုင်နှုန်းမှာ ဥရောပနှင့် ကနေဒါနိုင်ငံတို့မှ ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်မှစပြီး အမေရိကန်ပြည်ထောင်စုသို့ နှစ်စဉ် တရားမဝင် လာရောက်နေထိုင်သူ ၈၅၀၀၀၀ ခန့် ရောက်ရှိလာကြသည်ဟုလည်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုတွင် တရားမဝင်အလုပ် သမားဦးရေ ၇ ဒသမ ၁ သန်းခန့်ရှိကြောင်း၊ ယင်းမှာ တစ်နိုင်ငံလုံး အလုပ်သမားထု၏ ၅ ရာခိုင်နှုန်းခန့်ရှိကြောင်း ဖော်ပြထားသည်။

တရားမဝင် လာရောက်အလုပ်လုပ်ကိုင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအားလုံး၏ လေးပုံတစ်ပုံ၊ ရုံးလုပ်ငန်းနှင့် နေအိမ်သန့်ရှင်းရေးလုပ်ငန်း၏ ၁၇ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၏ ၁၄ ရာခိုင်နှုန်း၊ စားသောက်ကုန်ပစ္စည်း ပြင်ဆင်မှုလုပ်ငန်းတွင် ၁၂ရာခိုင်နှုန်းအထိ အသီးသီး ဝင်ရောက် လုပ်ကိုင်လျက်ရှိသည်။

တရားမဝင် အလုပ်သမားများနှင့်ပတ်သက်၍ စီစဉ်ချထားရန် စဉ်းစားလျက်ရှိသည်။ တရားမဝင်အလုပ်သမားများကို ပြည်နှင်ဒဏ်ပေးလျှင် အမေရိကန်စီးပွားရေး ပျက်သွားနိုင်ကြောင်း အမေရိကန်စီးပွားရေးလုပ်ငန်းရှင်အချို့က ဝေဖန်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုကီယာကုမ္ပဏီက ထုတ်လုပ်သည့် ရုပ်မြင်သံကြားပြစက်ငယ် ပါရှိသော မိုဘိုင်းဖုန်းသစ်တစ်မျိုးကို မတ် ၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ်၌ ၂၀၀၅ခုနှစ်တွင် လူကုန်ကူးခံရသူ ၆၀၀၀ ရှိ

ဟန္နိုင်း မတ် ၈

ဗီယက်နမ်နိုင်ငံ၌ ၂၀၀၅ ခုနှစ်တွင် လူကုန်ကူးခံရသော အမျိုးသမီးများနှင့် ကလေးဦးရေ ၆၀၀၀ ရှိကြောင်း၊ လိမ်လည်လှည့်ဖြား လက်ထပ်ခြင်း၊ ကလေးကို မွေးစားခြင်း၊ ပြည်ပတွင် အလုပ်လုပ်ကိုင်ခြင်းနှင့် ကျွန်အဖြစ် ရောင်းစားခံရခြင်းတို့ဖြစ်ကြောင်း မတ်၇ရက်တွင် ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါလူကုန်ကူးခံရသူများသည်ပြည်ပသို့ သွားရောက်လည်ပတ်ပြီး အလုပ်လုပ်ကိုင်ကြရန်ဖြစ်ကြောင်း၊ ၎င်းတို့သည် နယ်စပ်မှ တရားမဝင် ခိုးထွက်ကြသူများဖြစ်ကြောင်း ဟိုချီမင်းမြို့ ကလေးများ ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြောက်ပိုင်း၌ ရဲတပ်ဖွဲ့ဝင်သုံးဦး ပစ်သတ်ခံရ

တီကရစ် မတ် ၈

မည်သူမှန်းမသိရသော သေနတ်သမားများက အီရတ်နိုင်ငံမြောက်ပိုင်း ရေနံချက်စက်ရုံရှိရာ ဘေဂျီမြို့အနီးတွင် မော်တော်ယာဉ်ပေါ်မှ ရဲတပ်ဖွဲ့ဝင်သုံးဦးကို ပစ်သတ်ခဲ့ပြီး အခြားသုံးဦးကို ထိခိုက်ဒဏ်ရာရရှိစေခဲ့ကြောင်း ဒေသခံရဲသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

မည်သူမည်ဝါမှန်း မသိရသော သေနတ်သမားများက ဘေဂျီမြို့အနီးရှိ အထင်ကရ လမ်းမကြီးပေါ်တွင် မောင်းနှင်လာသည့် ရဲတပ်ဖွဲ့ လှည့်ကင်းယာဉ် ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အခြား ရဲတပ်ဖွဲ့ဝင်သုံးဦး ဆိုးဆိုးရွားရွားဒဏ်ရာ ရရှိခဲ့သည်ဟု ရဲမှူးခါလက်မာဇင်က ပြောကြားသည်။

ယာဉ်များဖြင့်ထွက်ခွာ

ထို့နောက် သေနတ်သမားများသည် အခင်းဖြစ်ပွားရာနေရာမှ ယာဉ်များဖြင့် ထွက်ခွာသွားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျာမနီနိုင်ငံအရှေ့ပိုင်း ပို့စ်ဒမ်မြို့ရှိ ကမ္ဘာ့အပူပိုင်းဇုန်ဥယျာဉ်တွင် ပြသထားသည့် ဒိုင်နိုဆောအရုပ်နှင့်အတူ လာရောက်ကြည့်ရှုသူတစ်ဦးအား မတ် ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စေတနာအလှူများနှင့် လားရှိုးမြို့ ဆင်းရွှေလီဘိုးဘွားဗိမာန်

သီပေါ ကိုလတ်

စိတ်ထားထက်မြက်၊ သီလဖက်၍
အသက်ရှည်စွာ၊ နေရပါလည်း
ကြမ္မာမလှ၊ ကံမထ၍
ဘဝမှေးမှိန်၊ နေဝင်ချိန်ဝယ်
ဂုဏ်သိမ်ချို့တဲ့၊ ဥစ္စာမဲ့၍
ချမ်းမြေ့စိတ်ကင်း၊ ညှိုးနွမ်းခြင်းဖြင့်
သက်ပြင်းကိုချ၊ ဖေးမသူရှာ
နေရပါ၏။
အလို---
ဘိုးတို့ဘွားတို့ ချို့တဲ့ပေမယ့်
အားမငယ်နှင့်။
မောမြေအလှ၊ ခြယ်မှုန်းသသည့်
ရမခတိုင်း၊ ဦးဆောင်ဝိုင်းမှ
မြစ်လှိုင်းရွှေလီ၊ အဆင်းညီသို့
ရွှေခြည်ရောင်ဝင်း၊ နှလုံးတွင်းမှ
ယိုဆင်းထွက်လာ၊ အကြင်နာဖြင့်
ခိုင်မာခမ်းနား၊ တည်ဆောက်ထားသည်
“ဆင်းရွှေလီ”ဝယ်
ဘိုးဘွားစုံညီ၊ နိဗ္ဗာန်ရည်၍
ကိုယ်စီတရား၊ နေ့စဉ်ပွားကာ
ရွှင်လန်းစွာဖြင့် နေပါလေတော့၊ နေလေတော့။

လားရှိုးမြို့ ဆင်းရွှေလီ ဘိုးဘွားဗိမာန်သို့ ဝင်ရောက်မိသည်နှင့် ကျောက်ပြားတွင် ကမ္ပည်းရေးထိုး စိုက်ထူထားသော အထက်ပါ မော်ကွန်းကဗျာက ဆီးကြိုနေပါသည်။ ရေးစပ်သူ ကဗျာရှင်မှာ စာရေးဆရာ ကမ္ဘောဇ ခင်လှိုင်ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ မြို့တော်သည် လားရှိုးမြို့ဖြစ်ပေသည်။ ၁၀ စုနှစ်အတွင်း လားရှိုးမြို့၏ဖွံ့ဖြိုးတိုးတက်မှုများမှာ အရှိန်အဟုန်ကြီးမားခဲ့သည်။ ဒေသခံ တိုင်းရင်းသားတို့၏ ဘာသာရေး၊ လူမှုရေး မျက်နှာစာများတွင်လည်း စေတနာကြီးမား ထက်သန်ကြသည်။ မေတ္တာ ကရုဏာ နှလုံးသားများက အစဉ်ရှင်သန်လှုပကြသည်။

ထိုစေတနာရှင်တို့၏ ကြိုးပမ်းချက်ကြောင့် လားရှိုးမြို့ ဆင်းရွှေလီ ဘိုးဘွားဗိမာန် ပေါ်ပေါက် လာခဲ့ရသည်။ ခိုကိုးရာမဲ့ အဘိုးအဘွားတို့အတွက် အားထားခိုလှုံရာ ဖြစ်ခဲ့ကြရသည်။ လားရှိုးမြို့ ဘူတာလမ်း ရန်အောင်မြင်ဆုတောင်းပြည့် စေတီတော်၏ ခြေတော်ရင်း၌ တည်ရှိသည်။ ကြည်နူးချမ်းမြေ့ဖွယ်ရှိလှ၏။

ဤဆင်းရွှေလီ ဘိုးဘွားဗိမာန် ဆောက်လုပ်ရန်အတွက် မြေနေရာကို ရန်အောင်မြင်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တက စတင်ပေးလှူတော်မူခဲ့သည်။ ထိုမြေနေရာတွင် ဘိုးဘွားဗိမာန်(ရိပ်သာ)တစ်ခု ပေါ်ပေါက်ဖြစ်တည်ဖို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၏ ဦးဆောင်မှုဖြင့် စေတနာရှင်များကို စည်းရုံးဆောင်ရွက်ခဲ့ကြသည်။ စေတနာရှင် ဦးသန်းဝင်း မိသားစု တစ်ဦးတည်းမှပင် ကျပ်သိန်း ၁၂၇၀ မတည်၍ လှူဒါန်း ပြီး ဆောက်လုပ်ခဲ့သည်။

၂၀၀၄ ခုနှစ် မေလ ၁၅ ရက်နေ့တွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဦးဆောင်၍ မြေသန့်ခြင်း၊ ပန္နက်တင်ခြင်းနှင့် အုတ်မြစ်စီ မင်္ဂလာများ ပြုလုပ်ခဲ့သည်။ တည်ဆောက်မှု လုပ်ငန်းအားလုံး ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ပြီးစီး၍ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ကုန်ကျမှု စုစုပေါင်းတန်ဖိုးမှာ ကျပ်သိန်း ၁၅၅၀ ဖြစ်ကြောင်း သိရသည်။ ဘုရားဆောင်၊ တရားဟောတရားထိုင်ဆောင်၊ ဧည့်ခန်း၊ ထမင်းစားဆောင်၊ ရေချိုးခန်းနှင့် ရေအိမ်၊ အဘိုးများအဆောင်နှင့် အဘွားများအဆောင်တို့ဖြင့် ပြည့်စုံ၍ သန့်ရှင်းသပ်ရပ်စွာ တည်ဆောက်ထားရှိသည်။

ဆင်းရွှေလီ ဘိုးဘွားဗိမာန်အနီးရှိ ရန်အောင်မြင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီး။

လားရှိုးမြို့ ဆင်းရွှေလီဘိုးဘွားဗိမာန်တွင် ခိုကိုးရာမဲ့ ချို့တဲ့နွမ်းပါးသော အသက် (၆၄) နှစ်နှင့် အထက် အဘိုးအဘွားများကို လက်ခံစောင့်ရှောက်ပေးခြင်းဖြစ်သည်။ လက်ရှိ အဘိုး ကိုးဦးနှင့် အဘွား ၁၈ ဦး တို့ကို လက်ခံစောင့်ရှောက်ပေးနေသည်။ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးမှအစ အဘက်ဘက်မှ စောင့်ရှောက် ကူညီပေးသည်။ ဘိုးဘွားများကို အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်း ငါးဦးတို့က အချိန်ပြည့်အနီးကပ် စောင့်ရှောက်ပြီး ပြုစုဆောင်ရွက် ပေးလျက်ရှိသည်။

အလားတူပင် စေတနာရှင်များကလည်း ဘိုးဘွားများအတွက် အပတ်စဉ်၊ လစဉ်ပုံမှန်ကျွေးမွေးပြုစု၍ ကုသိုလ်ပြုလျက်ရှိကြကြောင်း သိရသည်။ လစဉ် လဆန်း ၃ ရက်နေ့တိုင်း ဘိုးဘွားများအတွက် သံဃာ တော်များအား ဆွမ်းကပ်လှူပေးခြင်း၊ တရားနာ အမျှအတန်း ပေးဝေစေခြင်း၊ နံနက်စာ ထမင်း၊ ဟင်း ကျွေးမွေး လှူဒါန်းခြင်းတို့ကို ပြုလျက်ရှိသော စေတနာရှင် ဦးဂျိုးဇက်၊ ဒေါ်နန်းချစ်တင် မိသားစုနှင့်အတူ လိုက်ပါကြည့်ညိုဖြစ်ခဲ့သည်။ ကရုဏာသက်ဖွယ် အဘိုးအဘွားတို့ကိုလည်း ရင်းနှီးစွာ တွေ့ဆုံစကား ပြောခဲ့ရသည်။ အဘိုးအဘွားတို့မှာသူတို့ အားကိုးအားထားပြု ခိုလှုံရာ ဆင်းရွှေလီ ဘိုးဘွားဗိမာန်၌ စိတ်ချမ်းမြေ့စွာ ရှိကြသည်။ အပူသောကဟူသရွေ့ ကင်းဝေးစွာ တရားဘာဝနာကို အားထုတ်ခွင့်ရရှိသည်။ ဘဝနေဝင်ချိန်ကို ငြိမ်းချမ်း စွာ ပြင်ဆင်စောင့်ဆိုင်းခွင့် အပြည့်အဝလည်း ရယူ နိုင်ကြပေသည်။

လားရှိုးမြို့ ဆင်းရွှေလီ ဘိုးဘွားဗိမာန်ကို တွေ့ရစဉ်။

လူတိုင်းလူတိုင်း တစ်နေ့အသက်ကြီးကြမည်ဖြစ်၏။ ယခု ဘိုးဘွားတို့လိုပင် ဘဝမျိုးကိုလည်း ဆိုက်ရောက်ကြရမည်။ အိုခြင်း၊ နာခြင်းကို မလွဲမသွေ ကြုံတွေ့ကြရမည်။ အိုနာဘေးနှင့်သော်လည်းကောင်း၊ ခိုကိုးရာမဲ့ ဘဝနှင့်သော်လည်းကောင်း ကြုံတွေ့နေရရှာသော အဘိုးအဘွား သက်ကြီးရွယ်အိုများကို ဝိုင်းဝန်းစောင့်ရှောက်ပြီး ပြုစုကူညီပေးကြရမည်မှာ မွန်မြတ်သည့် လူမှုရေးတာဝန်ပင် ဖြစ်ပေသည်။ သက်ကြီးရွယ်အို ဘိုးဘွားများကို ကရုဏာ အကြင်နာတရားထား၍ ပြုစုစောင့်ရှောက်ပြီးကူညီလှူဒါန်းပေးကြမည့်စေတနာရှင် အမြောက်အမြား ပေါ်လာဦးမည်ဟုလည်း ယုံကြည်မိသည်။ လားရှိုးမြို့ ဆင်းရွှေလီဘိုးဘွားဗိမာန် တယ်လီဖုန်း နံပါတ်မှာ ၀၈၂-၂၃၄၂၅ ဖြစ်ပြီး အချိန်မရွေး ဆက်သွယ်နိုင်ကြောင်း သိရသည်။ စေတနာရှင်များ၏ ဒါနစေတနာအလှတရားကို သက်ကြီးရွယ်အို ဘိုးဘွားတို့ ထာဝစဉ်အားထား ခိုလှုံနိုင်ခွင့် ရရှိသွားနိုင်ကြပါစေဟု ဆန္ဒပြုတင်ပြလိုက်ရပါသည်။ ။

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် (၁၂၅)လမ်းနေ ဦးဝိုင်စိန်-ဒေါ်ထွေးသိန်းမိသားစုက ဒဂုံမြို့နယ် အမှတ်(၁၂)စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက ကျောင်းတော် တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အဆောက်အအုံအတွက် အလှူငွေကျပ် ၁၅၀၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အနော်ရထာအိမ်ရာနေ ကိုမျိုးကြည်-မဥမ္မာ၊ သားမောင်ဇော်လင်းထက်(မွေးနေ့အထိမ်းအမှတ်အလှူ) အောင်နန်းဦး ကုမ္ပဏီမိသားစုက ငွေကျပ် တစ်သိန်းကို ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)ရှေ့မှောက်၌ ဥက္ကဋ္ဌဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အထက(၃) ကြည့်မြင်တိုင် မြတ်ဆရာပူဇော်

ရန်ကုန် မတ် ၉

အ-ထ-က(၃) ကြည့်မြင်တိုင်၏ အဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ် ၂ ရက်က အဆိုပါကျောင်းဝင်းအတွင်း စကားဖြူခန်းမတွင် ကျင်းပသည်။ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးတို့အား ကျောင်းသားဟောင်း ဦးတင်ဝင်း-ဒေါ်စန်းကြည်မိသားစုက ဘုရားငါးဆူပုံတော်ကို လှူဒါန်းပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ခံပစ္စည်းများ ပေးအပ်ကန်တော့ကြသည်။ ဆရာကြီး ဦးဝင်းကြူ၊ ဆရာကြီး ဦးခင်အောင်ဗိုလ်၊ ဆရာမကြီး ဒေါ်ကြင်စိန်၊ ဆရာမကြီးဒေါ်စန်းနှင့် လက်ရှိ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနွယ်အောင်တို့က ဆုံးမသြဝါဒစကားပြောကြားကြသည်။ (က-ပ)

အထက(၆) ဗိုလ်တထောင်(ယခင်စိန့်ပေါလ်)၁၉၆၅မှ၂၀၀၅ခုနှစ်အတွင်း သက်ပြည့်အငြိမ်းစားယူသွားသော ဆရာကြီး၊ ဆရာမကြီးများအား အဋ္ဌမအကြိမ်မြတ်ဆရာပူဇော်ပွဲကို မတ် ၂ရက်က အဆိုပါကျောင်းရှိ အောင်ဆန်းခန်းမ၌ကျင်းပရာ အကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူများက ကန်တော့ပစ္စည်းပေးအပ်စဉ်။

(က-ပ)

➪ **ကျောဖုံးမှ**

ဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံမှ အဆင့်မြင့် အစိုးရအရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်တီးဝိုင်းက အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားသီချင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ် အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်ကာ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ယဉ်ကျေးမှုပဒေသာကပွဲအပြီးတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်သည် ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။ (သတင်းစဉ်)

လက်မှတ်ရေးထိုးပွဲတက်ရောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့်အဖွဲ့ဝင်များ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စွမ်းအင်ဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနတို့အကြား ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို တက်ရောက်ကြစဉ်။

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၉

(၆၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုလျက် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၈၃)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ (အောက်ပုံ)

ကြည်အောင်(ကေတုမတီ)၊ မြင်းမူ မောင်နိုင်မိုး၊ မင်းမောင်နွယ်(မွန်ဌာနီ)၊ ကျော်စွာသူ (သာယာဝတီ)၊ အေးမျိုးကြည်၊ တက္ကသိုလ်နွယ်သဇင်၊ အေးငြိမ်းချမ်း၊ ရဲဘော်မြသိန်း(ဟိုပုန်း)၊ ပွင့်မွန်မွန်သိမ်း၊ စောလွမ်းသိမ်း (ရသစာပေ)၊ ကိုစိုင်းထက်မြက်သိမ်း၊ အောင်ဆန်းသိန်း(ပခုက္ကူ)တို့၏ အဖွင့်ကဗျာများ၊ ဣန္ဒာဆွေ၊ စောမုံညင်း၊ မကြန်၊ ဒေါက်တာမတင်ဝင်း၊ တက္ကသိုလ်တင်ခ၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ ပခုက္ကူဦးအုံးဖေ၊ မောင်ခက်ကျူ (စကု)၊ မင်းဗထူး၊ လှိုင်မြင့်ဦး၊ နီငြိမ်း(အညာတက္ကသိုလ်)၊ စစ်ကိုင်းစိမ်းစိမ်း၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ မောင်ဆန္ဒ(လယ်ဝေး)၊ ဒေါက်တာသန်းဝင်းတင်၊ တင်ဝင်း (မအူပင်)၊ စေတနာလှိုင်၊ တက္ကသိုလ်စိုးယဉ်၊ ကျော်ဇောဟိန်း၊ မိုးသစ်(ကချင်မြေ)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်း အောင်သိန်း၊ လယ်တွင်းသား စောချစ်၊ ပေါ်ဦးသစ်၊ မောင်မြင့်ကြွယ်၊ တင်ရီမ(ညောင်ဦး)၊ စစ်ရဲအိမ်၊ ကျော်မင်းညွန့်(လှည်းကူး)တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောဝလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာ လက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရံရိပ်၊ အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်ကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။ အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆွမ်းဆန်တော်အလှူရေစက်ချပွဲ

ရန်ကုန် မတ် ၉

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာနုဂ္ဂဟ ဆန်လှူအသင်းကြီး၏ (၂၂၇)ကြိမ်မြောက် ဆွမ်းဆန်တော် အလှူ ရေစက်ချပွဲကို မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင် အနောက်ဘက်မုခ် ဦးမောင်ကလေး–ဒေါ်ကြုတ် တန်ဆောင်း၌ ကျင်းပမည်ဖြစ်သည်။

ကြည့်မြင်တိုင်မြို့နယ်ရှိ အသင်းတိုက်ကြီးတွင်လည်း အကြိုရေစက်ချပွဲအဖြစ် မတ် ၁၀ ရက်၌ ဆရာတော် ဦးပညာသီဟ (သာစုပရိယတ္တိစာသင်တိုက်)၊ မတ် ၁၁ ရက်၌ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)၊ မတ် ၁၂ ရက်၌ ဓမ္မာစရိယ ဓမ္မကထိကဆရာတော် ဘဒ္ဒန္တ ဇာဂရ တို့က တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက်ဓမ္မရတနာသာသနာ့ ရိပ်သာ၌ နွေရာသီ ဒုတိယအကြိမ် ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို မတ် ၂၅ ရက်မှ ဧပြီ ၉ ရက်အထိ ၁၅ ရက်ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းသားများကို အကန့်အသတ်ဖြင့် လက်ခံမည်ဖြစ်၍ သင်တန်း တက်ရောက်လိုသူများနှင့် အလှူရှင်များ ဖုန်း–၅၇၁၆၄၂ သို့ စာရင်းပေးသွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀–၃–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇း၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း

၈း၀၀ ၆။ အတီးပြိုင်ပွဲ

၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်

၈း၂၀ ၈။ အကပြိုင်ပွဲ

၈း၃၀ ၉။ International News.

၈း၄၅ ၁၀။ English for Everyday Use

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄း၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၄)ခုနှစ်

၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)

၄း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅း၀၅ ၆။ မြန်မာစာ၊မြန်မာစကား

၅း၁၅ ၇။ လက်ဆင့်ကမ်းအမွေ

၅း၂၀ ၈။ နှောင်းခေတ်တေးပဒေသာ

၅း၃၀ ၉။ (၆၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်

၅း၄၀ ၁၀။ **“တန်ဖိုး” (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ–သက်တင်)**

၅း၄၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်

၆း၀၀ ၁၂။ ညနေခင်းသတင်း

၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ

၆း၃၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရောင်စဉ်မေတ္တာ” (အပိုင်း–၁၂)**

၇း၂၅ ၁၅။ **တို့တစ်ရွာလုံးချမ်းသာပြီ (ဆန်းထွန်း၊သူသူဟံသာ၊ အကယ်ဒမီဇော်ဦး၊မိုးဒီ) (ဒါရိုက်တာ–တင်အောင်ရွှေ သုတေသီ)**

၈း၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “နှင်းဆီအိပ်မက်” (အပိုင်း–၁၄)**

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၃–၂၀၀၆ (သောကြာနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်

၇း၀၅ ဂုံညင်းတန်းတံတား

၇း၁၀ တေးဂီတအစီအစဉ်

၇း၁၅ ကျက်သရေတင့်တယ် လှစေမယ်(အပိုင်း–၃)

၇း၂၀ တေးဂီတအစီအစဉ်

၇း၂၅ ပြည်တွင်းသတင်းအကျဉ်း

၇း၃၅ Myanmar Video Rhythm

၈း၂၅ ယူရီးယားဓာတ်မြေဩဇာ ထုတ်လုပ်မှုကဏ္ဍ

၈း၄၅ တေးဂီတအစီအစဉ်

၈း၅၀ နိုင်ငံတကာသတင်းအကျဉ်း

၈း၅၅ ငရုတ်ကောင်းသီးနှံ ပျိုးထောင်စိုက်ပျိုးနည်း

၉း၀၅ တေးဂီတအစီအစဉ်

၉း၁၀ မိုးလေဝသခန့်မှန်းချက်

၉း၁၅ Management Talk

၉း၄၀ တေးဂီတအစီအစဉ်

၉း၄၅ ဆန်းသစ်တီထွင် မြန်မာအကျီအသွင်(အပိုင်း၂)

၁၀း၀၅ ပြည်တွင်းသတင်းအကျဉ်း

၁၀း၁၅ တေးဂီတအစီအစဉ်

၁၀း၂၀ Say it English

၁၀း၃၀ တေးဂီတအစီအစဉ်

၁၀း၃၅ အခြေခံပန်းချီပညာမိတ်ဆက်

၁၀း၅၅ တေးဂီတအစီအစဉ်

၁၁း၀၀ နိုင်ငံတကာသတင်းအကျဉ်း

၁၁း၀၅ ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ခင်သန်းနွယ်)

၁၁း၂၅ တေးဂီတအစီအစဉ်

၁၁း၃၀ On The Ball

၁၁း၅၅ တေးဂီတအစီအစဉ်

၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့ ။

၂၀၀၆–ခုနှစ်၊ မတ်လ (၉)ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၅၁၁၃၁)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ညွှန့်သည်တော် အိန္ဒိယသမ္မတကြီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကြည်ညိုဖူး၍ ပြည်သူ့ဥယျာဉ်၌ ချစ်ကြည်ရေးသစ်ပင်စိုက်ပျိုး ဒဂုံအထက(၁)တွင် ကျောင်းသား၊ ကျောင်းသူကလေးများအား သြဝါဒစကားပြောကြား

ရန်ကုန် မတ် ၉

ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ညွှန့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကြည်ညိုကြ၍ ပြည်သူ့ဥယျာဉ်၌ ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပေးပြီး ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် မြန်မာ–အင်ဖိုတက် အဆောက်အအုံတို့ကို ကြည့်ရှုလေ့လာကာ ဖဖောင်းရှိဇာဂူဗိမာန်ကို ဂါရဝပြုကြသည်။

ကြိုဆို

ညွှန့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitraနှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၉နာရီ မိနစ် ၅၀တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိလာကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ညွှန့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် ညွှန့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အလှည့်ကျ ဂေါပကအဖွဲ့ဝင် ဦးဘရွှေက ရွှေတိဂုံစေတီတော်မြတ်ကြီးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်ညွှန့်သည်တော်အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်က ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ညွှန့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ညွှန့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်၍ ရွှေတိဂုံစေတီတော် ရင်ပြင်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်၊ ရွှေတိဂုံစေတီဂေါပကအဖွဲ့၏ အရောင်းဆိုင်၊ သာယာဝတီမင်းခေါင်းလောင်းတော်တို့ကိုလှည့်လည်ကြည်ညိုလေ့လာကြပြီး ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့်ညွှန့်သည်တော်အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် ပြည်သူ့ဥယျာဉ်သို့ ရောက်ရှိလာကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကံ့ကော်ပင်စိုက်ပျိုးပေး

ယင်းနောက် ညွှန့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ်က ချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး မြေဆီသြဇာ ထည့်သွင်းကာ ရေသွန်းလောင်းပေးသည်။

ဆက်လက်၍ ညွှန့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေပီ၊ဂျေ၊အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီတွင် ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိလာကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ အခြေခံပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ထို့အပြင် ကျောင်းသား၊ကျောင်းသူလေးများကလည်း နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ ညွှန့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား ကြိုဆိုနှုတ်ဆက်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ညွှန့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ Computer Lab ခန်းမ၌ သတ္တမတန်းနှင့် အဋ္ဌမတန်း ကျောင်းသား၊ ကျောင်းသူလေးများ၏ ICT Based Lesson သင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ညွှန့်သည်တော် အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် Multi-Media Teaching Lab၌ ပဉ္စမတန်းနှင့် ဆဋ္ဌမတန်း ကျောင်းသား၊ ကျောင်းသူလေးများ၏ Application Software ပြုလုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ညွှန့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒဂုံသီရိခန်းမ၌ ကျောင်းသား၊ ကျောင်းသူလေးများ၏ သံစုံတီးဝိုင်းက အိန္ဒိယ တေးသီချင်းဖြင့် တီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် ညွှန့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးသည် သံစုံတီးဝိုင်းအဖွဲ့မှ ကျောင်းသား၊ ကျောင်းသူလေးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ အဋ္ဌမတန်း ကျောင်းသူ မစိုးကေသရီက ကျောင်း၏ သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

သြဝါဒစကားပြောကြား

ယင်းနောက် ညွှန့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက ကျောင်းသား၊ ကျောင်းသူလေးများအား ပညာသင်ယူမှုနှင့်စပ်လျဉ်း၍ သြဝါဒစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူလေးများ၏ သိရှိ

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ဘုရားဖူးပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေး ခရီးအလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေပီ၊ဂျေအဗ္ဗဒူလ်ကလမ်ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ပြည်သူ့ဥယျာဉ်၌ ကံ့ကော်ပင်ကို စိုက်ပျိုးပေးပြီး ရေသွန်းလောင်းပေးစဉ်။ (သတင်းစဉ်)

...ှယ်အဖွဲ့ဝင်များ ...းသစ်ပင်စိုက်ပျိုး ...ကားပြောကြား

...အပတ်ရောက်ရှိနေသော ဧည့်သည်တော် အိန္ဒိယ ...း ကြည်ညိုကြ၍ ပြည်သူ့ဥယျာဉ်၌ ချစ်ကြည်ရေး

...အလည့်အပတ် ...ဒေါက်တာ အေ၊ပီ၊ဂျေ၊ ...ကြီးအား ...(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် အဖွဲ့ဝင်များ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုစဉ်။ (သတင်းစဉ်)

သူလေးများ၏ သံစုံတီးဝိုင်းက အိန္ဒိယ တေးသီချင်းဖြင့် တီးမှုတ်ဖျော်ဖြေကြ သည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီးသည် သံစုံ တီးဝိုင်းအဖွဲ့မှ ကျောင်းသား၊ ကျောင်း သူလေးများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ အဋ္ဌမတန်း ကျောင်း သူ မစိုးကေသရီက ကျောင်း၏ သမိုင်းကြောင်းကို ရှင်းလင်းတင်ပြ သည်။

ဩဝါဒစကားပြောကြား

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက ကျောင်းသား၊ ကျောင်းသူလေးများ အား ပညာသင်ယူမှုနှင့်စပ်လျဉ်း၍ ဩဝါဒစကားပြောကြားပြီး ကျောင်း သား၊ ကျောင်းသူလေးများ၏ သိရှိ လိုသော ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီးက ဒဂုံမြို့နယ် အမှတ်(၁) အခြေခံ ပညာ အထက်တန်းကျောင်းအတွက် The Photo of Milky Way ဓာတ်ပုံ၊ ကွန်ပျူတာ ၁၀လုံးနှင့် ကွန်ပျူတာနှင့် သက်ဆိုင်သည့် စာအုပ်စာတမ်းများကို ကျောင်းအုပ်ကြီး ဦးကျော်ကျော်ထံ ပေးအပ်လှူဒါန်းပြီး ကျောင်းဧည့်သည် တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်း တင် လက်မှတ်ရေးထိုးသည်။

ထို့နောက် အဋ္ဌမတန်းကျောင်းသား မောင်ဝင်းမင်းသူက ကိုယ်တိုင်ရေးဆွဲ ထားသည့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး၏ ပုံတူပန်းချီကားကို အမှတ်တရလက်ဆောင်အဖြစ်ဂါရဝပြု

ရှေးဦးစွာ ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီးခေါင်းဆောင် သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ၏ ICT တိုးတက်မှု အခြေအနေနှင့် မြန်မာ–အင်ဖိုတက်၏ ဆောင်ရွက်ချက်များကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံသမ္မတကြီးက

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်က ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူလေးများအား ပညာသင်ယူမှုနှင့်စပ်လျဉ်း၍ ဩဝါဒစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူလေးများ၏ သိရှိလိုသော ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

များက ပြန်လည် ဖြေကြားကြ သည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးအား ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မြန်မာ–အင်ဖိုတက် အဆောက်အအုံ ကျောက်စီပန်းချီကားကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံသမ္မတကြီး ခေါင်းဆောင် သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မြန်မာ–အင်ဖိုတက် အဆောက်အအုံပုံစံငယ်ကို ကြည့်ရှု လေ့လာကြပြီး ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီးက ဧည့်သည် တော် မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မြန်မာ–အင်ဖိုတက် အဆောက်အအုံရှိ မြန်မာနိုင်ငံ ကွန်ပျူတာအဖွဲ့ချုပ်က ဖွင့်လှစ်ထားသည့် e-Learning Centre နှင့် Software ထုတ်လုပ် သည့် ကုမ္ပဏီများကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည်ညနေ ၅နာရီတွင် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဇဖားရ်ရှား ဂူဗိမာန်သို့ ရောက်ရှိကြရာ ဧည့်သည်တော် သမ္မတကြီးနှင့် အဖွဲ့ အား ဇဖားရ်ရှားဂူဗိမာန်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်အနောက်ပိုင်း ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နှင့် ကော်မတီဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယ သမ္မတနိုင်ငံ သမ္မတကြီး ခေါင်းဆောင် သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဇဖားရ်ရှားဂူဗိမာန် အတွင်း လှည့်လည်ဂါရဝပြုကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက ဧည့်သည်တော် မှတ် တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ် ရေးထိုးသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက ဂူဗိမာန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂူဗိမာန်ကြီးကြပ် ရေး ကော်မတီဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်များကို ပြန်လည်ပေးအပ် သည်။ ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဂူဗိမာန်ကြီးကြပ်ရေး ကော်မတီဝင် များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး ပြန်လည်ထွက်ခွာသွားကြ သည်။ (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်းတွင် ကျောင်းသားလေးများ ကွန်ပျူတာလေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပေးအပ်သည်။ယင်းနောက် ဧည့်သည် တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး သည် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်း သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက် သည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည်ညနေ ၃နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ လှိုင် မြို့နယ်ရှိ မြန်မာ–အင်ဖိုတက် အဆောက်အအုံသို့ ရောက်ရှိလာကြ ရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူး ချုပ်သိန်းဇော်၊ အီလက်ထရွန်းနစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဒုတိယ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြန်မာ–အင်ဖို တက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးသိန်း ဦးနှင့် ဒါရိုက်တာ အဖွဲ့ဝင်များက ကြိုဆိုကြသည်။

အိန္ဒိယနိုင်ငံ တစ်ဝန်းလုံးတွင် အင်တာ နက် အသုံးပြုမှု၊ အိမ်နီးချင်းနိုင်ငံ များ၏ ICT ဖွံ့ဖြိုးတိုးတက်မှုအခြေ အနေများကို ဗီဒီယိုဖြင့် ရှင်းလင်း၍ အမြင်ချင်းဖလှယ်ကြသည်။ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင် များ၏ မြန်မာ–အင်ဖိုတက်နှင့် စပ်လျဉ်း၍ သိလိုသည်များကို ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တာဝန်ရှိသူ

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ် ကလမ်က ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အတွက် The Photo of Milky Way ဓာတ်ပုံ၊ ကွန်ပျူတာ ၁၀လုံးနှင့် ကွန်ပျူတာနှင့် သက် ဆိုင်သည့် စာအုပ်စာတမ်းများကို ကျောင်းအုပ်ကြီး ဦးကျော်ကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြက်ဆူပင်စိုက်ပျိုးထားမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

ပြည်ထောင်စုတိုင်းရင်းသားလူမျိုး များ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၌ ရောက်ရှိနေသော ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့်သည် ယမန်နေ့တွင်ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ဝန်ထမ်းရေးရာ ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးကျော်ဇံလှ၊ ပါမောက္ခ ချုပ် ဦးဇော်မင်းသိမ်းတို့နှင့်အတူ ဖွံ့ဖြိုးရေးတက္ကသိုလ် အတွင်း ခြံစည်း ရိုး ကြက်ဆူပင်၊ ငရုတ်ကောင်းပင်နှင့် အခြားစားသုံးသီးပင်များစိုက်ပျိုးထားရှိ မှုနှင့် တက္ကသိုလ် အားကစားခန်းမ တည်ဆောက်မှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာ သင်္ကြန်အထူးတရားစခန်း

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ်အရှေ့ပိုင်း မြို့နယ် (၇)ရပ်ကွက် ကျန်စစ်သား လမ်းမကြီး တောင်ဥလမ်းမှတ်တိုင် အနီးရှိ အေးမြချမ်းသာ မဟာစည် ရိပ်သာ၏ သင်္ကြန်အထူးတရားစခန်း ကို ဧပြီ ၃ ရက်မှ ဧပြီ ၁၇ ရက်ထိ ဖွင့်မည်ဖြစ်ရာ သင်္ကြန်တွင် ယောဂီ များသည် သင်္ကြန်အကြိုနေ့ ညနေ ၄ နာရီ အရောက်လာကြရန်နှင့် ယောဂီတစ်ဦး ရေ၊ မီး၊ ဆွမ်း၊ ငွေ ကျပ် ၂၀၀၀၊ ဒုလ္လဘရဟန်း သင်္ကန်း ပရိက္ခရာတစ်စုံငွေကျပ် ၁၀၀၀၀၊ သီလရှင်ဝတ်စုံ ငွေကျပ် ၁၀၀၀၀၊ ယောဂီတစ်ဦး ဆွမ်းတစ်ရက် ငွေကျပ် ၅၀၀၊ နံနက်ဆွမ်း ငွေကျပ် ၅၀၀၀၀၊ နေ့ဆွမ်း ငွေကျပ် ၆၀၀၀၀၊ အအေး ငွေကျပ် ၅၀၀၀၀ စသည် လှူဒါန်းနိုင် သည်။

တရားစခန်းတွင် အေးမြချမ်းသာ ဆရာတော်နှင့် ဓမ္မကထိကအကျော် (၁၀) ဘွဲ့ရ အရှင်အာစာရာလင်္ကာရ တို့က တရားတော်များဟောကြား မည်။ ရိပ်သာဖုန်း–၅၈၅၀၄၃၊ ကျိုက္ကဆံ ဂေါပကအဖွဲ့ –၅၆၄၀၂၉ နှင့် ဒေါ်မိမိခင် ဖုန်း–၆၆၄၀၈၁ သို့ စုံစမ်းဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကသာခရိုင်အတွင်းရှိ မြို့နယ်ဌာနဆိုင်ရာများနှင့် တွေ့ဆုံမှာကြား ကသာ–အင်းဒရန့်–ငအိုးလမ်း မြေသားလမ်းဖောက်လုပ်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၉

ကသာမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၄ရက် နံနက် ၇နာရီ မိနစ် ၄၀တွင် ကသာမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာတင်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းရှိ ခွဲစိတ်လူနာကုသဆောင်၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း(၁)၊ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ခြံစည်းရိုး ကြက်ဆူပင် တစ်အုပ်တစ်မစိုက်ခင်းသို့ လည်းကောင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်သို့လည်းကောင်း၊ ကသာခရိုင် မြို့နယ်ဌာနပေါင်းစုံ၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးခြံသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နံနက် ၈နာရီ မိနစ် ၂၀တွင် ကသာခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကသာခရိုင်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကောလင်းမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ပင်လယ်ဘူးမြို့နယ်၊ ထီးချိုင့်မြို့နယ်၊ ကသာမြို့နယ်၊ အင်းတော်မြို့နယ်၊ ဗန်းမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက မိုးစပါးနှင့် နွေစပါး စိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာဖူလုံမှု၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍ လိုအပ်ချက်များကို ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်အောင်က ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်တင်ပြသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင် အောင်ဝိုင်းဝန်းကြိုးပမ်းရေး၊ ခရိုင်ချင်းဆက်၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပြီး နယ်မြေအနှံ့ ရောက်ရှိအောင် ကွင်းဆင်းဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးနှင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများကစေတနာထားဆောင်ရွက်ရေးဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာမြို့ဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ထွက်ခွာလာရာ စစ်ကိုင်းတိုင်း ပုလေရွှေ ကျေးရွာသို့ ရောက်ရှိပြီး ယင်းမှတစ်ဆင့် ရွာသစ်ရွာလမ်းဆုံသို့ ရောက်ရှိပြီး လမ်းဘေးဝဲယာ စပါးစိုက်ခင်းများနှင့် လမ်းပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကသာ–အင်းဒရန့်–ငအိုးလမ်းပေါ်ရှိ လမ်းနှင့် တံတားအခြေအနေများကို လည်းကောင်း၊ ဗန်းမော်–မဘိမ်းလမ်းပေါ်ရှိ ရွှေလီတံတား(ငအိုး)သို့ ရောက်ရှိပြီး ကျောက်ဖြင့်ရေလွှဲ ဂရစ်တန်းများ အခြေအနေ ရေစီးရေလာအခြေအနေ

များကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထီးချိုင့်မြို့နယ် မောင်းကုန်းရှိ ဂရိတ်ဝေါလ်သကြားစက်ရုံသို့ ရောက်ရှိလာရာ စက်ရုံ တာဝန်ခံ ဦးတင်မောင်က သကြားစက် တည်ဆောက်မှု၊ ကြံစိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည်သကြားစက်ရုံ တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြတောင်စံပြကျေးရွာရှိ ပြည်သူ့ကျန်းမာရေး အဆောက်အအုံသို့ ရောက်ရှိကြရာ တာဝန်ခံဆရာဝန် ဒေါက်တာကျော်သူရက ကျန်းမာရေး အဆောက်အအုံ အခြေ အနေ၊ လူနာများဆေးကုသမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူး ဒေါက်တာတင်မင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီး လူနာဆောင်၊ အမျိုးသား လူနာဆောင်၊ ခွဲစိတ်ခန်း၊ ဆေးစတိုခန်း၊ သံဃာတော်များ ဆေးကုသဆောင်၊ ဝန်ထမ်းအိမ်ရာ၊ ဆရာဝန်နေအိမ်၊ တည်ဆောက်ဆဲ ဓာတ်မှန်အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ရောက်ရှိကြပြီး ဆောက်လုပ်ပြီး မြသိန်းတန် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ အဆိုပါ မြတောင်ကျေးရွာ ဆေးပေးခန်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ၊ မြသိန်းချစ် နှစ်ထပ်ကျောင်းဆောင်တို့ကိုအလှူရှင် ဦးသောင်းညွှန့်–သီရိသုဓမ္မသီဂိ ဒေါ်လှတင်မိသားစုမှ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် သပိတ်ကျင်းမြို့နယ် နယ်မြေခံတပ်သို့ ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူပင် ၈ ဒသမ ၈၂ ဧက စိုက်ပျိုးထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားပြီး ဆက်လက်ထွက်ခွာကြရာ မန္တလေးမြို့သို့ ည ၉နာရီ မိနစ် ၃၀တွင် ရောက်ရှိ ညအိပ်ရပ်နားကြသည်။

ယင်းနေ့ နံနက် ၇နာရီကလည်း ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကသာမြို့ နယ်မြေခံတပ်ရင်း အောင်တံခွန်ခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ရေး ရှင်းလင်းမှာကြားပြီး မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကသာမြို့ နယ်မြေခံတပ်ရင်း၏ခြံစည်းရိုးကြက်ဆူမျိုးကိုင်းပျိုးခြံ၌ ပျိုးပင် ၃၆၀၀၀ စိုက်ပျိုးထားမှုနှင့် ပျိုးပေါင် ၄၈ပေါင်ဖြင့် ပျိုးပင် ၉၁၀၀၀ ပျိုးထောင်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာတင်မင်းသည် ယင်းနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ငအိုးပြည်သူ့ဆေးရုံသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ညောင်ရိပ်သာ တရားစခန်းနှင့် ဒုလ္လဘရဟန်းခံပွဲ

ရန်ကုန် မတ် ၉

သာကေတမြို့ ကျက်သရေဆောင် ၁၀၈တောင် စွယ်တော်ရှင်ဘုရားကြီးအနီး ညောင်ရိပ်သာ တရားစခန်းတွင် လယ်တီဆရာတော်ကြီး၏ (ကာယာနုပဿနာနှင့် ဓာတုမနသီကာရ) နည်းအရ ပဓာနနာယက အရှင်ကေသရာဘိဝံသ ဆရာတော်က သင်္ကြန်အကြို မတ် ၂၅ ရက်မှ ၃၁ ရက်အထိ တစ်ကြိမ်၊ သင်္ကြန်တွင်း ဧပြီလ ၁၀ရက်မှ ၁၆ရက်အထိ တစ်ကြိမ် ခုနစ်ရက် အဓိဋ္ဌာန် တရားစခန်းကို ဟောပြောပြသမည်ဖြစ်၍ ဒုလ္လဘရဟန်းခံရှင်ပြု သာသနာ့နွယ်ဝင်သီလရှင်ဝတ်၍ တရားစခန်း ဝင်လိုသူများနှင့် ယောဂီများသည် ဖုန်း–၅၄၇၀၂၅သို့ ဆက်သွယ်ဝင်ရောက်နိုင်ကြောင်း သိရသည်။ (က–ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကသာ–အင်းဒရန့်–ငအိုးလမ်းပေါ်ရှိ လမ်းနှင့် တံတားတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မတ် ၄ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည့် အာဆီယံ+၃ မူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

(သတင်းဖော်ပြပြီး)(ပြန်/ဆက်)

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲ ရနေ့ ဖြစ်သည်။

၂၀၀၆ခုနှစ် မတ်လအတွက်

(၁၂–၃–၂၀၀၆)ရက်နေ့

နှင့်

(၂၆–၃–၂၀၀၆)ရက်နေ့

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်က မြန်မာအင်ဖိုတက်နှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးစဉ်။
(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ကြည့်ရှု လေ့လာ

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ ဂျေ၊ အဗ္ဗဒူလ်ကလမ်မြန်မာအင်ဖိုတက်အဆောက်အအုံရှိ မြန်မာနိုင်ငံ ကွန်ပျူတာအဖွဲ့ချုပ်က ဖွင့်လှစ်ထားသည့် e-Learning Centreနှင့် Software ထုတ်လုပ်သည့် ကုမ္ပဏီများကို ကြည့်ရှုလေ့လာစဉ်။
(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ အေ၊ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ်နှင့် အဖွဲ့ဝင်များ ဒဂုံမြို့နယ် ဗိုလ်ကလမ်းရှိ ဖဟာဒူးရှားဂူဗိမာန်အတွင်း ဂါရဝပြုကြစဉ်။
(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ပြည်တွင်းပုလဲရောင်းချပွဲ(၂၀၀၆) ကျင်းပပြီးစီး ပုလဲအတွဲပေါင်း ၁၈၇ တွဲကို တင်ဒါစနစ်ဖြင့် ဝယ်ယူ

ရန်ကုန် မတ် ၉

ပြည်ပမှ ပုလဲများ ဝင်ရောက်နေရာယူမှုအား ဟန့်တားလျက် မြန်မာ့ပုလဲအနေဖြင့် နိုင်ငံတော်ဝင်ငွေတိုးတက်ရရှိနိုင်ရေး ရည်ရွယ်ချက်ဖြင့် သတ္တုတွင်း ဝန်ကြီးဌာန မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း၏ အကြိမ်(၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ(၂၀၀၆)ကို မတ် ၇ရက်မှ ၉ရက်အထိ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့လမ်း အမှတ်(၉၀) သတ္တုတွင်းဝန်ကြီးဌာန သိမ်းဆည်းရတနာခန်းမ၌ ရောင်းချခဲ့ရာ ယနေ့ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

တက်ရောက်ဝယ်ယူ

အဆိုပါ အကြိမ် (၂၀)မြောက် ပြည်တွင်းပုလဲရောင်းချပွဲ (၂၀၀၆)သို့ ပြည်တွင်းပုလဲရတနာ ကုန်သည် စုစုပေါင်း ၇၀ကျော် တက်ရောက်၍ ချိပ်ပိတ်တင်ဒါစနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူသွားကြသည်။

ပြည်တွင်း ပုလဲရောင်းချပွဲ(၂၀၀၆) တွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက မြန်မာ့ရေပြင်၌ ပုလဲများကို မွေးမြူထားရာမှ ထွက်ရှိလာသော ပုလဲများကို အတွဲပေါင်း ၁၉၀၊ ပုလဲလုံးရေ ၂၀၁၇၄လုံး၊ အလေးချိန် ၁၁၂၄၉ ဒသမ ၃၀ မိုမီကို ချိပ်ပိတ်တင်ဒါစနစ်မြန်မာကျပ်ငွေဖြင့် ရောင်းချခြင်းဖြစ်သည်။

ရောင်းချရ

အကြိမ်(၂၀)မြောက် ပြည်တွင်း ပုလဲရောင်းချပွဲ(၂၀၀၆) ရောင်းချပွဲတွင် ပြည်တွင်းပုလဲရတနာကုန်သည်များက မတ် ၇ရက်တွင် ပုလဲအတွဲများ တင်ဒါစနစ်ဖြင့် ဝယ်ယူရန်အတွက် ကြည့်ရှုလေ့လာခဲ့ကြပြီး မတ် ၈ရက်တွင် ပုလဲအတွဲပေါင်း ၉၈တွဲ၊ မတ် ၉ရက် ယနေ့တွင် ပုလဲအတွဲပေါင်း ၈၉တွဲ၊ နှစ်ရက်ပေါင်း ပုလဲအတွဲပေါင်း ၁၈၇တွဲကို ရောင်းချခဲ့ရသည်။

(သတင်းစဉ်)

ချန်ပီယံလိဂ် ဒုတိယအကျော့ ယှဉ်ပြိုင်ကစားအာဆင်နယ်၊ မီလန်၊ လီယွန်၊ ဘာစီလိုနာ၊ ဘင်ဖီကာ ကွာတားတက်

လန်ဒန် မတ် ၈

ချန်ပီယံလိဂ် ရှုံးထွက်အဆင့် ဒုတိယအကျော့ ပွဲစဉ်များကို ဗုဒ္ဓဟူးနေ့ညက ဆက်လက်ကျင်းပသည်။ အာဆင်နယ်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့၏ ပွဲတွင် ဂိုးမရှိ သရေကစားခဲ့ကြပြီး နှစ်ပွဲပေါင်း ရလဒ်(၁–၀)ဖြင့် အာဆင်နယ်အသင်းက ကွာတားအဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

အင်္ဂလန်အသင်းများအနက် အာဆင်နယ်အသင်းသည်သာလျှင် ကွာတားအဆင့်သို့ တက်လှမ်းနိုင်ခြင်းဖြစ်ပြီး ကျန်ရှိသော အင်္ဂလန်အသင်းများမှာ ရှုံးထွက်အဆင့်ဖြင့်သာ ကျေနပ်လိုက်ရသည်။

မိမိတို့အသင်းသည်ရီးယဲလ်မက်ဒရစ်အသင်းကို မည်သည့် ဂိုးတစ်ဂိုးကိုမျှ မပေးလိုက်ရခြင်းမှာ ထူးခြားသော အောင်မြင်မှုပင် ဖြစ်ကြောင်း အာဆင်နယ်အသင်း မန်နေဂျာ အာဆင်ဝင်းဂါးက ပြောကြားသည်။

မတ် ၈ ရက်က အန်းဖီးလ်ကွင်းတွင် ကျင်းပသော ချန်ပီယံလိဂ် ရှုံးထွက်အဆင့် ဒုတိယအကျော့ပွဲတွင် လီဗာပူးအသင်းမှ စတီဗင်ဂျာရတ်(ဝဲ) ဂိုးသွင်းရန် ကြိုးပမ်းမှုကို ဘင်ဖီကာ ဂိုးသမား မော်ရက်ကာကွယ်စဉ်။
(ဓာတ်ပုံ–အင်တာနက်)

စပိန်အသင်းများအနက် ရီးယဲလ်မက်ဒရစ်အသင်းမှ လွဲ၍ ဘာစီလိုနာနှင့် ဗီလာရီးယဲလ်တို့ ကွာတားဖိုင်နယ်အဆင့်သို့ ရောက်ရှိသွားကြပြီဖြစ်သည်။

လန်ဒန်ရှိ ဟိုက်ဘူရီကွင်းတွင် ကျင်းပသည့်ပွဲ၌ နှစ်သင်းစလုံးက အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

လီဗာပူး–ဘင်ဖီကာ

ဥရောပချန်ပီယံ လီဗာပူးသည် အဝေးကွင်းတွင် ကျင်းပသော ပထမအကျော့ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီး ဒုတိယအကျော့ပွဲတွင်လည်း ရှုံးနိမ့်ခဲ့သည်။

အန်းဖီးကွင်းတွင် ကျင်းပသည့်ပွဲတွင် ဘင်ဖီကာအသင်းက လီဗာပူးအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပေါ်တူဂီချန်ပီယံ ဘင်ဖီကာအသင်းမှာ နှစ်ပွဲပေါင်းရလဒ် ၃–၀ဖြင့် ကွာတားအဆင့်သို့ ရောက်ရှိသွားပြီဖြစ်သည်။

အေစီမီလန်–ဘေယန်မြူးနစ်

ဂျာမနီနိုင်ငံ မြူးနစ်မြို့ရှိ ဆန်စီရိုကွင်းတွင် ကျင်းပသည့် ဒုတိယအကျော့ပွဲ၌ အေစီမီလန်အသင်းက လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ အေစီမီလန်အသင်းသည်နှစ်ပွဲပေါင်းရလဒ်(၅–၂) ဖြင့် အနိုင်ရရှိခြင်းဖြစ်သည်။

လီယွန်–ပီအက်စ်ဗွီ

ပြင်သစ်နိုင်ငံ လီယွန်မြို့တွင် ကျင်းပသည့်ပွဲတွင် လီယွန်အသင်းက နယ်သာလန်ချန်ပီယံ ပီအက်စ်ဗွီ အိန်းဟိုဝင်အသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ လီယွန်အသင်းမှ ပေါ်တူဂီလူမျိုး ကွင်းလယ်ကစားသမား တီယာဂိုတစ်ဦးတည်းက နှစ်ဂိုးသွင်းပေးခဲ့ပြီး နှစ်ပွဲပေါင်း ရလဒ် ၅–၀ဖြင့် ကွာတားအဆင့်သို့ တက်ရောက်ပြီဖြစ်သည်။ ထိုပွဲတွင် ပီအက်စ်ဗွီအသင်းမှ အသင်းခေါင်းဆောင် ကိုကူး ထုတ်ပယ်ခံခဲ့ရသည်။

အင်တာနက်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀–၃–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀	၆။ မျိုးချစ်တပ်မတော်
၄:၅၀	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၅၅	၈။ သာယာသီကြွေးတော်ဆန်းတေး
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ မိုးလေဝသသတင်း
၆:၂၅	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၃။ **ကာတွန်းအစီအစဉ် "ပါကျဲ" (အပိုင်း–၁၇)**
၆:၄၅	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ထုံးရယ်မပြယ်"(အပိုင်း–၂၁)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ စိုက်ပျိုးသုတ
	၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပါရမီရှင် သိုင်းလုလင်" (အပိုင်း–၂၂)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

ဗုဒ္ဓသာသနာတော်ကြီး အရောင်အဝါထွန်းလင်းရေး အဟန့်အတားဖြစ်သော ဘိုးတော်၊ ဝိဇ္ဇာများအားကိုးမှု၊ အဓမ္မဝါဒ ပြန်လည်ခေါင်းထောင်လာမှု ပပျောက်ရေးအတွက် ဒါယကာ၊ ဒါယိကာမများကို ဆုံးမသြဝါဒပေးရန်လိုအပ်

ရန်ကုန် မတ် ၉

ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စတင်ကျင်းပရာ သာသနာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ပဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများအမှူးပြုသော နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ပြည်နယ်၊တိုင်းနှင့် ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ပထမနေ့၏ သြဝါဒါစရိယ ဆရာတော်ကြီးများအဖြစ် နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများဖြစ်တော်မူကြသော မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုတာရုံတိုက်သစ် ဇယမေဒနီဝါဆိုကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယ၊ ကရင်ပြည်နယ် ဘားအံမြို့ အရိယဝံသကျောင်းတိုက်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာသာမိ၊ ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘန၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဝန်းသိုစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသနှင့် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလတို့အား အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များက တင်မြှောက်တော်မူကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက ဆောင်ရွက်တော်မူသည်။

အစီအစဉ်အရ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားကာ အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက "သာသနဿ စ လောကဿ၊ ဝုမ္ဍိဘဝတု သဗ္ဗဒါ၊ သာသနမ္ပိစ လောကဉ္စ၊ ဒေဝါ ရက္ခန္တု၊ သဗ္ဗဒါ"ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အစည်းအဝေးကို ဖွင့်လှစ်တော်မူကြသည်။

ထို့နောက် အခမ်းအနားမှူးဆရာတော်က ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ကျင်းပမည့် ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၁၁ရက်၊ ၁၂ရက်နှင့် ၁၃ရက်၊ ၂၀၀၆ ခုနှစ် မတ် ၉ရက်၊ ၁၀ရက်နှင့် ၁၁ရက်တို့အတွက် အစည်းအဝေးအစီအစဉ်ကို လျှောက်ထားကာ အစည်းအဝေး၏ အတည်ပြုချက်ကိုရယူတော်မူပြီး ယနေ့ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင် ပါရှိသည့်အတိုင်း အစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားတော်မူသည်။

ဆက်လက်၍ ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသြဝါဒါစရိယ ဆရာတော်ကြီးများ၏ သြဝါဒကထာကို နာယူတော်မူကြရန်အတွက် နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ အဂ္ဂိယ၏ သြဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက် သုဓွေးတန်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက လည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာသာမိ၏ သြဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ကရင်ပြည်နယ်ဘားအံမြို့ ခေမရာမကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇာနေယျကလည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘန၏ သြဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသက လည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလဝံသ၏ သြဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ကချင်ပြည်နယ် မိုးညှင်းမြို့ ဓေယျသုခဝါဆို ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာကလည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ၏ သြဝါဒကထာကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရ ကလည်းကောင်း ဖတ်ကြားတော် မူကြသည်။

ထို့နောက် အစည်းအဝေးသဘာပတိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ မကွေးတိုင်း မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယ သြဝါဒကထာကို ချီးမြှင့်တော်မူသည်။

ဆက်လက်၍ ယခုနှစ် တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ အတွက် အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော ဆရာတော်များက "သဗ္ဗသင်္ခါရာ အနိစ္စာ" အစရှိသော သုံးဂါထာကို ရွတ်ဆိုလျက်သံဝေဂဉာဏ်ပွားများတော်မူ၍ မှတ်တမ်းတင်တော်မူကြသည်။

ထို့နောက် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသိရီက တင်သွင်း၍ အတည်ပြုချက်ရယူတော်မူသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသက တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို တင်သွင်း လျှောက်ထားတော်မူပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာ၌သဗ္ဗညုဘုရားရှင်၏ သာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့ထိန်းသိမ်း ဆောင်ရွက်တော်မူခဲ့ကြရာ သဗ္ဗညုဘုရားရှင်၏လက်ထက် ၄၅နှစ်တိုင်တိုင် သာသနာပြုခရီး၊ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သင်္ဂါယနာခြောက်တန်တင်ရာကာလ သာသနာပြုခရီး၊ယနေ့နိုင်ငံတော်

သံဃမဟာနာယကအဖွဲ့ကြီး၏ ငွေရတုခေတ်တိုင် သာသနာပြုခရီးတို့တွင် အချိန်ကာလအားဖြင့် ကွဲပြားသော်လည်း "သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး"ဟူသော ဦးတည်ချက်သုံးရပ်သည်တူညီလျက်ရှိ သည်ကို တွေ့ရှိရပါကြောင်း။

သာသနာတော်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေး မူကြီးသုံးရပ်ချမှတ်၍ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာဟူသော လုပ်ငန်းစဉ်သုံးရပ်ကို တစ်ဆက်တစ်စပ်တည်း ရေးဆွဲကာ သံဃာတော်များ၏ကိစ္စကို သံဃာတော်များကိုယ်တိုင် စီမံခန့်ခွဲခြင်း၊ အဆုံးအဖြတ်ပြုနိုင်ခြင်းတို့သည် သံဃာ့အဖွဲ့အစည်းကြီး တညီတညွတ်တည်းရှိနေခြင်း၏ အကျိုးကျေးဇူးတရားများပင် ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း သံဃာညီညွတ်မှုရှိနေသဖြင့် ဆရာတော်များ ချမှတ်တော်မူသည့် ဓမ္မစက်ကို အာဏာစက်ဖြင့် ကူညီဆောင်ရွက်နိုင်ခဲ့ပါကြောင်းကို အထူးလျှောက်ထားအပ်ပါကြောင်း။

ဂုဏ်ရည်မြှင့်တင်

ဆရာတော်သံဃာတော်အရှင်သူမြတ်များက ဓမ္မစက်ဖြင့် ဆောင်ရွက်တော်မူနေကြသကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားအပေါင်းတို့ကလည်း ဆရာတော်များ၏ သြဝါဒများခံယူကာ မြန်မာ့မြေပေါ်တွင် မြန်မာ့သာသနာတော်ကြီးကို ကြည်ညိုဖွယ်ဆောင် ဂုဏ်ရည်မြှင့်တင် ကမ္ဘာတွင် အနှံ့ ဖြန့်ကြက်၍ ကမ္ဘာသူ ကမ္ဘာသားအားလုံး ဗုဒ္ဓ၏ ငြိမ်းချမ်းရေးအရသာများကို လက်တွေ့ခံစားစံစားနိုင်ကြပါရန် ဘက်ပေါင်းစုံမှ အပေါင်းပြုပြင် အသစ်တီထွင်လာခဲ့ရာ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများတွင် စွယ်တော်မြတ်စေတီနှစ်ဆူ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်နှစ်ခု၊ ရန်ကုန်မြို့တွင် ယခင်သာသနိက ကျောင်းဆောင်ကြီးများအပြင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၊ မဟာနာယကကျောင်းတော်ကြီး၊ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမကြီးများလည်း ထီးထီးမားမား ပေါ်ထွန်းလာခဲ့ပြီးဖြစ်ပါကြောင်း၊ သာသနာရေးဝန်ကြီးဌာနအောက်တွင် ယခင်က သာသနာရေးဦးစီးဌာနတစ်ခုတည်းရှိခဲ့ရာမှ ယခုအခါ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန များကိုလည်း သာသနာပြုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် တိုးချဲ့ဖွင့်လှစ် ဖွဲ့စည်းတည်ထောင်ပေးခဲ့ပါကြောင်း။

ထိုကဲ့သို့ဆရာတော်ကြီးများနှင့် နိုင်ငံတော်အစိုးရ၊ ပြည်သူပြည်သားများက သုံးပွင့်ဆိုင်ပူးပေါင်းကာ ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာသိအောင် ကြိုးပမ်းအားထုတ်နေချိန်တွင် သာသနာတော်ကိုခုတုံးလုပ်၍ ကိုယ်ကျိုးရှာအမြတ်ထုတ်နေကြသည့် ဘိုးတော်ယောင်၊ဂန္ဓာရီဘုန်းကြီးယောင်များက ထိုးနှက်ဝင်ရောက်လာ၍ ဘုရား၊တရား၊သံဃာရတနာသုံးပါးနှင့် ကံ,ကံ၏အကျိုးကို အလေးအမြတ်ထားကြသော ဗုဒ္ဓဘာသာဝင်များသည် မိမိတို့ဘာသာတရားအပေါ် အလေးအနက်မထားဘဲ ဘိုးတော်၊ဝိဇ္ဇာများကို အားကိုးအားထားပြုလာကြသဖြင့် လူမှုရေးရှုပ်ထွေးမှုများ၊ မလိုလားအပ်သောပြဿနာများ ဖြေရှင်းခဲ့ရပါကြောင်း၊ ကာလကြာသောင်းလာသဖြင့် အဓမ္မဝါဒများလည်း ပြန်လည်အသက်သွင်းလာသည်ကိုတွေ့ရပါကြောင်း။

ဆုံးမသြဝါဒ

ဗုဒ္ဓသာသနာတော်ကြီး အရောင်အဝါထွန်းလင်းရေးကို အဟန့်အတားအနှောင့်အယှက်ဖြစ်စေသော ဘိုးတော်၊ဝိဇ္ဇာများ အားကိုးမှုများ၊ အဓမ္မဝါဒ ပြန်လည်ခေါင်းထောင်လာမှုများ ပပျောက်ရေးအတွက် မိမိတို့ ဒါယကာ၊ဒါယိကာမများ အားလုံးကို ဆုံးမသြဝါဒပေးရန် လိုအပ်လျက်ရှိပါကြောင်းကိုလည်း အထူးလျှောက်ထားအပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ယင်းနောက် တစ်နှစ်တာကာလအတွင်း (တတိယအဖွဲ့ခွဲ)က ဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာ

ဆဋ္ဌအစည်းအဝေး

ပဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

နာယကအဖွဲ့၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာကဏ္ဍကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များဖြစ်တော်မူကြသော မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန် စာချကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသ၊ စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ဓေယျသိန်ပါဠိတက္ကသိုလ် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာသိရီနှင့် ဧရာဝတီတိုင်း ဖျာပုံမြို့ ထန်းပင်ကျောင်းပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လတို့က လည်းကောင်း၊ သာသနာရေးရာကဏ္ဍကို ဧရာဝတီတိုင်း ဝါးခယ်မမြို့ ကျွန်းကုန်းဓေယျဝတီ အနောက်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍဝံသနှင့် ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ငွေကြာရံပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတတို့က လည်းကောင်း၊ ပညာရေးရာကဏ္ဍကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသနှင့် ရန်ကုန်တိုင်း ခရမ်းမြို့ ကိုင်းကုန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိ ဘဒ္ဒန္တဇောတိကတို့က လည်းကောင်း ဖတ်ကြား တင်သွင်းတော်မူကြသည်။

ရှင်းလင်းလျှောက်ထား

ဆက်လက်၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များက တင်ပြလာသော အကြံဉာဏ်များကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်တော်မူကြသော ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသနှင့် မန္တလေးတိုင်း တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံစာသင်တိုက်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသိရီတို့က ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြပြီး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ပဋ္ဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆဋ္ဌအစည်းအဝေး ဒုတိယနေ့ကို မတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား အလှူရှင်များက ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းလျက်ရှိကြရာ (ဦးသိန်းမောင်)-ဒေါ်ပါးပါး တို့အား ဦးထိပ်ထား၍ စန္ဒီပရဆေးမိသားစုက ယနေ့တွင် တစ်နေ့တာ ဆွမ်းအလှူကိုလည်းကောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၇) ဆီဆုံလမ်းနေ မောင်ထိန်လင်း-မမြတ်မြတ်ထွန်း တို့က ယမန်နေ့တွင် တစ်နေ့တာ ဆွမ်းအလှူကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဂျပန်လူမျိုး စီးပွားရေးလုပ်ငန်းရှင်တစ်ဦး စတုတ္ထမြောက် အာကာသခရီးသည်ဖြစ်လာမည်

မော်စကို မတ် ၉

အာကာသ ခရီးသည်အဖြစ် အာကာသသို့လိုက်ပါမည့် ဂျပန်လူမျိုး စီးပွားရေး လုပ်ငန်းရှင်တစ်ဦးသည် ယခုအခါ လေ့ကျင့်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ရုရှားတာဝန်ရှိသူ တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

အာကာသခရီးသည်အဖြစ်အာကာသ သို့ လိုက်ပါရန် ပြင်ဆင်နေသူမှာ အသက် (၃၄) နှစ်အရွယ်ရှိ ဒိုင်စုကေ အီနိုမိုတို ဖြစ်သည်။ ၎င်းသည် ရုရှား အာကာသအေဂျင်စီက သတ်မှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ ကျန်းမာရေး စမ်းသပ်စစ်ဆေးမှုများကို အောင်မြင်ခဲ့ပြီးနောက် အာကာသသို့ လိုက်ပါနိုင်ရန် လိုအပ်သည့် ပြင်ဆင် လေ့ကျင့်မှုများကို ပြုလုပ်နေပြီဖြစ်သည်။

မျှော်လင့်ရ

အီနိုမိုတိုသည် စတုတ္ထမြောက် အာကာသခရီးသည်အဖြစ် အာကာသသို့ လိုက်ပါခွင့်ရရှိမည် ဖြစ်သည်။ ၎င်းသည် လာမည့်စက်တင်ဘာလတွင် ရုရှားဆိုယုဇ် တီအမ် အေ–၉ ရော့ကက် ဒုံးပျံယာဉ်နှင့်အတူ နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ လိုက်ပါခွင့်ရရှိမည်ဟု မျှော်လင့်ရသည်။

လက်မှတ်ထိုးထား

အီနိုမိုတိုသည် အာကာသခရီးသည်အဖြစ် လိုက်ပါခွင့်ရရှိရန် ငွေကြေးမည်ရွေ့မည်မျှပေးရသည်ကို မသိရှိရပေ။ သို့ရာတွင် အာကာသခရီးသည်အဖြစ်လိုက်ပါရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ ၎င်းသည် အာကာသသို့ခရီးနှင်နိုင်ရန် ဒေါ်လာသန်းပေါင်း များစွာ ပေးရဖွယ်ရှိသည်။

အီနိုမိုတိုသည် အာကာသခရီးသည်အဖြစ် အရွေးချယ်ခံရဖွယ်ရှိကြောင်း ပြီးခဲ့သည့်နိုဝင်ဘာလကပင် သတင်းများပေါ်ထွက်ခဲ့သည်။ ယခုအချိန်အထိ အာကာသခရီးသည်များအဖြစ် လိုက်ပါဖူးသူ သုံးဦးမှာ အမေရိကန်နိုင်ငံသား ဒင်းနစ်တီတိုး ၂၀၀၁ခုနှစ် တောင်အာဖရိကနိုင်ငံသား မာ့ခ်ရှတ်တယ်ဝါ့သ် ၂၀၀၂ ခုနှစ်နှင့် အမေရိကန်နိုင်ငံသား ဂရီဂိုရီအောလ်ဆင် ၂၀၀၅ ခုနှစ်တို့ ဖြစ်ကြသည်။ ***အင်တာနက်။***



ရုရှား ဆိုယုဇ် အာကာသယာဉ်ကို ကာဇက်စတန်နိုင်ငံ ဘေကွန်နာ အာကာသစခန်းရှိ ဒုံးပျံလွှတ်တင်ရေးစင်တွင် တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

လျှို့ဝှက်ဆန်းကြယ်သည့် ရေသတ္တဝါလောက အဏ္ဏဝါသိပ္ပံပညာရှင်များ စူးစမ်းလေ့လာ

ဝါရှင်တန် မတ် ၉

အတ္တလန္တိတ်သမုဒ္ဒရာ ရေနက်ပိုင်း၏ ပင်လယ်ရေအောက်တွင် ကျက်စားနေထိုင်သည့် ရေသတ္တဝါများနှင့် ပတ်သက်၍ နက်နက်ရှိုင်းရှိုင်းသိရှိနိုင်ရန် သိပ္ပံပညာရှင်များ ကြိုးပမ်းလျက်ရှိသည်။

အတ္တလန္တိတ်သမုဒ္ဒရာ ပင်လယ်ရေအောက်တွင် လျှို့ဝှက်ဆန်းကြယ်ပြီး အသွင်အပြင်အရ ကြောက်မက်ဖွယ်ရာကောင်းလှသော ရေသတ္တဝါများရှိနေသည်။ ယင်းသတ္တဝါများသည် ပင်လယ်သမုဒ္ဒရာ၏ သားရဲတိရစ္ဆာန်များအဖြစ် တင်စားခေါ်ဝေါ်ခံရသည်။ ယင်းသတ္တဝါများ ကျက်စားနေထိုင်ရာနေရာမှာ နေရောင်ခြည် ထိုးဖောက်ဝင်ရောက်နိုင်သော နေရာမဟုတ်သဖြင့် ညသန်းခေါင်ဇုန်ဟု သတ်မှတ်နိုင်သည်။ ပင်လယ်ပျော် ယင်းရေသတ္တဝါများ ကျက်စားရာနေရာတွင် အပူချိန်မှာ အလွန်အမင်းနိမ့်ကျနေပြီး ရေခဲမှတ်တမျှ အေးမြသောရေထုတွင် ကျက်စားသည့် သတ္တဝါများလည်းဖြစ်သည်။

ကျက်စား

အတ္တလန္တိတ်သမုဒ္ဒရာ ရေမျက်နှာပြင်၏အောက် တစ်မိုင်ကျော်ခန့်အကွာရှိ ရေထုအတွင်း လျှို့ဝှက်နက်နဲဆန်းကြယ်သော ရေသတ္တဝါများ၏အကြောင်းကို သိပ္ပံပညာရှင်များသိရှိမှုမှာ မပြောပလောက်သေးပေ။ ယင်းရေသတ္တဝါများသည် သမုဒ္ဒရာရေထုအတွင်း လှည့်လည်သွားလာနေထိုင်တတ်ပြီး ပိုမိုတိမ်သည့် ပင်လယ်ရေပြင်ဘက်မှ လွင့်မျောလာသော အော်ဂင်းနစ် အပျက်အစီးအပိုင်းအစများကို စားသုံးကာ ကျက်စားလျက်ရှိကြသည်။

ပိုမိုကျယ်ပြန့်

သိပ္ပံပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုအရ ယခုအခါ အဆိုပါရေသတ္တဝါများ၏ မျိုးပွားပုံစနစ်ကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။ ယင်းရေသတ္တဝါများသည် သားပေါက်ချိန်တွင် ပင်လယ်ရေအောက် တောင်တန်းကြီးများ တည်ရှိရာနေရာများတွင် စုဝေးနေထိုင်ကြဖွယ်ရှိကြောင်း၊ ပင်လယ်ရေအောက် ဂေဟစနစ်မှာ သိပ္ပံပညာရှင်များ ကနဦးတွေးထင်ထားခဲ့သည်ထက်ပင် ပိုမိုကျယ်ပြန့်ကြောင်း နိုင်ငံတကာ အဏ္ဏဝါဗေဒ သုတေသီများက ပြောကြားသည်။

အင်တာနက်။



အတ္တလန္တိတ်သမုဒ္ဒရာ၏ ရေနက်ပိုင်းတွင် ကျက်စားနေထိုင်သည့် ငါးနဂါး (Dragon Fish) ငါးကြီး တစ်ကောင်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အင်တာနက် သတင်းများ

ဆဋ္ဌဂံဇာတ်ကား ဆက်လက်ပြသ ရတနာဇာတ်ကားသစ် ရိုက်တင်မည်

ရန်ကုန် မတ် ၉

ယခုအပတ်သောကြာနေ့ မတ် ၁၀ရက်တွင် မြန်မာရုပ်ရှင်ကားနှင့် နိုင်ငံခြား ရုပ်ရှင်ကားများပါအသစ် ရုံတင်ခြင်းမရှိဘဲ ပြသဆဲမြန်မာရုပ်ရှင်ဇာတ်ကား **ဆဋ္ဌဂံ** နှင့် ပြသဆဲနိုင်ငံခြားရုပ်ရှင်များဖြစ်ကြသည့် King Kong နှင့် The Promise ဇာတ်ကားများသာ ဆက်လက်ပြသမည်ဖြစ်သည်။

ဆဋ္ဌဂံ

မစန္ဒာ၏ ဝတ္ထုကို ဒါရိုက်တာ ကြည်စိုးထွန်း ဇာတ်ညွှန်းရေးသား ရိုက်ကူးကာ တွဲဖက်ဒါရိုက်တာ အဖြစ် ချမ်းသာကြည်စိုး ပါဝင်အားဖြည့်ထားသော **ဆဋ္ဌဂံ** ဇာတ်ကားမှာ မြန်မာ ရုပ်ရှင်သမိုင်းတွင် ထူးထူးခြားခြား အဖြစ် ကိုယ်ဝန်ဆောင် အမျိုးသမီးများ၏ ဘဝကို ခြယ်မှုန်းပြသထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများဆိုရာတွင်လည်း အလွှာပေါင်းစုံမှ ဒုက္ခ၊ သုခ အဖုံဖုံကို နည်းအမျိုးမျိုးဖြင့် ကြုံတွေ့နေရသည့် ကိုယ်ဝန်ဆောင်များ၏ ဘဝစုံဖြစ်နေရာ ဒါရိုက်တာ၏ ကျွမ်းကျင်ပိုင်နိုင်စွာတင်ပြမှုနှင့် သရုပ်ဆောင်များ၏ ထိထိမိမိ သရုပ်ဆောင်ထားမှုများကြောင့် ပရိသတ်အကြိုက်တွေ့သည့် မြန်မာဇာတ်ကားကောင်း တစ်ကားဖြစ်သည်။ လွင်မိုး၊ ဝေဠုကျော်၊ သျှားညို၊ လျှမ်းထက်၊ ရွှေသွေး၊ ချမ်းသာကြည်စိုး၊ ထွန်းထွန်းဝင်း၊ သုမောင်၊ ထွန်းအိန္ဒြာဗို၊ မြင့်မြင့်ခိုင်၊ စိုးမြတ်နန္ဒာ၊ ခင်ဇာခြည်ကျော်၊ မျိုးသန္တာထွန်းနှင့် ဆုရှွန်းလဲ့တို့ပါဝင်ကြပြီး သမ္မတ၊ သွင်နှင့်မင်္ဂလာ ရုံများတွင် ပြသနေသည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာ ရုပ်ရှင်ရုံ သုံးရုံ၌ ပြသဆဲဖြစ်သည့် ဆဋ္ဌဂံဇာတ်ကားမှ လျှမ်းထက်နှင့် ဆုရှွန်းလဲ့တို့၏ သရုပ်ဆောင်ဟန် တစ်ကွက်။

ရတနာဇာတ်ကားသစ်

လာမည့် မတ် ၂၄ရက်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့် ရုပ်ရှင်ရုံတို့တွင် လင်းရုပ်ရှင်ထုတ်လုပ်ရေးမှ မင်းတင်ထွဏ်း (ပခုက္ကူ ဦးအုံးဖေ စာပေဆုရ)၏ ဝတ္ထုကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာအိအိခိုင်ရိုက်ကူးသည့် **"ရတနာ"** ဆေးရောင်စုံ ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်သည်။

ယခုလအတွင်း ရုံတင်ပြသမည့် မြန်မာရုပ်ရှင် ဇာတ်ကားသစ်ဖြစ်သည့် "ရတနာ" ဇာတ်ကားမှ ကျော်သူ၊ ထွန်းအိန္ဒြာဗိုနှင့် ပုလဲဝင်းတို့၏ ဇာတ်ဝင်ခန်း တစ်ကွက်ကို တွေ့ရစဉ်။

အဆိုပါ ဇာတ်ကားသစ်တွင် ကျော်သူ၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု၊ ဖိုးသောကြာ၊ ပုလဲဝင်း၊ ဇာဂနာ၊ ဇော်ဦး၊သန်းသန်းစိုးနှင့် ဝိုင်းစုခိုင်သိန်းတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်တွင် လူငယ်များအကြိုက် ကင်းကောင်ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင် ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ဂျန်ဒေါင်ဂန် (ဒါရိုက်တာရင်) ပါဝင်သည့် ရာဇဝင်ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်သည်။

(ကြေးမုံ)

မြန်မာလိဂ် အဆင့်မြင့်တန်းအမှတ်ပေးပွဲ ပို့ဆောင်ရေးနှင့် မြို့တော်စည်ပင်နိုင်

ရန်ကုန် မတ် ၉

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ အနိုင်ရရှိသွားသည်။

အောင်ဆန်းကွင်း

ပို့ဆောင်ရေး	**သုံးဂိုး**
ရထားပို့ဆောင်ရေး	**ဂိုးမရှိ**

ပွဲကုန် ၁၅ ပွဲစီ ကစားအပြီးတွင် ပို့ဆောင်ရေးအသင်းက ရှစ်ပွဲနိုင်၊ ငါးပွဲသရေ၊ နှစ်ပွဲရှုံး၊ ဂိုး ၃၀သွင်း၊ ၁၂ဂိုးပေး၊ ၂၉မှတ်ဖြင့် စတုတ္ထနေရာရရှိသွားသည်။

ရထားပို့ဆောင်ရေးအသင်းက သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ ၁၁ပွဲရှုံး၊ ၁၇ဂိုးသွင်း၊ ၄၁ဂိုးပေး၊ ၁၀မှတ်ဖြင့် အဆင့် ၁၅ရရှိကာ တန်းဆင်းရန် သေချာသွားပြီဖြစ်သည်။

သုဝဏ္ဏကွင်း

မြို့တော်စည်ပင်	**နှစ်ဂိုး**
တပ်မတော်(ကြည်း)(က)	**ဂိုးမရှိ**

ပွဲကုန် ၁၅ ပွဲစီ ကစားအပြီးတွင် မြို့တော်စည်ပင်အသင်းက ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံး၊ ၁၅ဂိုးသွင်း၊ ၁၃ ဂိုးပေး၊ ၂၂ မှတ်ဖြင့် ဆဋ္ဌမနေရာရရှိသည်။ တပ်မတော်(ကြည်း)(က) အသင်းမှာ ၁၅ပွဲစလုံး ရှုံးနိမ့်ထားသဖြင့် အမှတ်မရရှိဘဲ တန်းဆင်းရမည်ဖြစ်သည်။

ယနေ့ပွဲ

အောင်ဆန်းကွင်း

ဆောက်လုပ်ရေးနှင့် လယ်ဆည်

သုဝဏ္ဏကွင်း

ကာကွယ်ရေးနှင့် ကမ္ဘောဇ

(ကြေးမုံ)

(၁၀)ရက် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၉

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်၊ အနာဂါမ်ဆရာ သက်ကြီး၏ ကိုယ်တွေ့ဉာဏ်ဖြင့် သမထ ဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကို ကမ္မဋ္ဌာန်းဆရာ ဦးကျော်နိုင်ထွန်းက စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် (၂၉) ဒုတိယလွှာတွင် မတ် ၁၅ ရက်မှ ၂၄ ရက်အထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအတွင်း ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် တရားအားထုတ်နိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ

သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာများ

- ❒ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား ဂြိုဟ်တုဖြင့် အဝေးမှစူးစမ်းရှာဖွေရေးနယ်ပယ်တွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဘောင်သဘောတူညီချက်
- ❒ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရ ယဉ်ကျေးမှုဆက်သွယ်ရေးကောင်စီတို့အကြား ဗုဒ္ဓစာပေ လေ့လာသင်ကြားမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ
- ❒ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ စွမ်းအင်ဝန်ကြီးဌာနနှင့်အိန္ဒိယသမ္မတနိုင်ငံအစိုးရရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနတို့အကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ချစ်ကြည်ရေးခရီးအလည်အပတ် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်အား ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းရှေ့ဖုံး)

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် အိန္ဒိယနိုင်ငံ သမ္မတကြီးနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် မတ် ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာအေ၊ ပီ၊ဂျေ၊ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ ဧည့်ခံဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။



တည်ခင်းဧည့်ခံ

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသောအိန္ဒိယသမ္မတနိုင်ငံသမ္မတကြီးဒေါက်တာ အေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအားပြည်သူ့လွှတ်တော်အဆောက်အအုံရှိ ဧည့်ခံဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အိန္ဒိယသမ္မတနိုင်ငံ

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➪